စိတ်ကူးချိုချိုအနုပညာ


# ၅ မိနစ် ပြောတာ ပုံပြင်များ

မမကြီး
မြန်မာပြန်ဆိုသည်



ILLUSTRATED BY STEVE COX

mgyoe.com



# ၅ မိနစ် ပြောစာ ပုံပြင်များ







* သစ်သားမြင်းရုပ်ကလေး
* လိမ္မာပါးနပ်သော ကိုတ်မုန့်များ
* အသံပျောက်နေတဲ့ သံစုံတီးဝိုင်း
* မပျံသန်းနိုင်တဲ့ ငှက်ကုလားအုတ်
* အနီရောင် ခေါင်းစွပ်ကလေး
* ဆရာဝန်ရဲ့သမီး မစ္စဒိုနစ်
* တစ်ကီ ပစ်ကီ ဘူးမ် ဘူးမ်
* ပင်လယ်ထဲက ဝိုးထည်စ
* လူပုံသဏ္ဌာန် ဂျင်းဘီစကွတ်ကလေး
* ဘာလက်စ်ယူဆိုတဲ့ ဆင်ကလေး
* ဖြူကောင်တွေက ဟမ်ဘာဂါ မစားပါ
* မစ္စဆင်မ်ကင်ရဲ့ ရေချိုးကန်
* ကြောက်မက်ဖွယ်ကောင်းတဲ့ ဆူညံသံ
* လက်ပပ်ကျားသစ်အစက်အပြောက်တွေ ရခဲ့ပုံ
* ပတ်ဗ်လင်းန်
* အေးစက်တဲ့ ခြေထောက်
* ငါးတင်လာတဲ့ လှည်း
* ဝယ်လ်ရဲ့ အမြီး
* ဆိတ်ထီး သုံးကောင်

ပုံပြင် ၁၉ ပုဒ်
ပါဝင်သည်



MMG0083

1,800.00 KS

mgyoe.com

၅မိနစ်ပြောစာပုံပြင်များ။ မမကြီး
စာမျက်နှာ ၁၇၆ မျက်နှာ၊ ၁၂ ·၈စင်တီ× ၁၈ ·၅စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး။ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)။ ၈၅၊ ၁၆၄လမ်း။ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ။ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)။ ၁၁၇၉၊ မစိုးရိမ်လမ်း။ ရန်ကင်း။
၂၀၁၇၊ မတ်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၈၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# ၅မိနစ်ပြောစာပုံပြင်များ

မမကြီး

မြန်မာပြန်


ပထမအကြိမ်၊ ၂၀၀၇

mgyoe.com

mgyoe.com.

mgyoe.com

mgyoe.com



# ၅ မိနစ် ပြောတ ပုံပြင်များ

မမကြီး

မြန်မာပြန်ဆိုသည်

**The Puffin Book of Five-Minute Stories**

**ILLUSTRATED BY STEVE COX**

mgyoe.com



mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | သစ်သားမြင်းရုပ်ကလေး | ၄ |
| ၂။ | လီမွာပါးနပ်သော ကိတ်မုန့်များ | ၁၃ |
| ၃။ | အသံပျောက်နေတဲ့ သံစုံတီးဝိုင်း | ၂၃ |
| ၄။ | မပျံသန်းနိုင်တဲ့ ငှက်ကုလားအုတ် | ၃၃ |
| ၅။ | အနီရောင်ခေါင်းစွပ်ကလေး | ၄၄ |
| ၆။ | ဆရာဝန်ရဲ့သမီး မစ္စဒိုနိစ် | ၅၂ |
| ၇။ | တစ်ကီ ပစ်ကီ ဘူးမ် ဘူးမ် | ၆၂ |
| ၈။ | ပင်လယ်ထဲက ပိုးထည်စ | ၇၂ |
| ၉။ | လူပုံသဏ္ဍာန် ဂျင်းဘီစကွတ်ကလေး | ၈၂ |
| ၁၀။ | ဘလက်စ်ယူဆိုတဲ့ ဆင်ကလေး | ၉၁ |
| ၁၁။ | ဖြူကောင်တွေက ဟမ်ဘာဂါ မစားပါ | ၉၉ |
| ၁၂။ | မစ္စဆင်မ်ကင်ရဲ့ ရေချိုးကန် | ၁၀၈ |
| ၁၃။ | ကြောက်မက်ဖွယ်ကောင်းတဲ့ ဆူညံသံ | ၁၁၇ |
| ၁၄။ | လက်ပပ်ကျားသစ် အစက်အပြောက်တွေ ရခဲ့ပုံ | ၁၂၆ |
| ၁၅။ | ပတ်ဖ်လင်းန် | ၁၃၄ |
| ၁၆။ | အေးစက်တဲ့ ခြေထောက် | ၁၄၃ |
| ၁၇။ | ငါးတင်လာတဲ့ လှည်း | ၁၅၂ |
| ၁၈။ | ဝယ်လ်ရဲ့ အမြီး | ၁၆၀ |
| ၁၉။ | ဆိတ်ထီး သုံးကောင် | ၁၆၉ |


mgyoe.com

mgyoe.com



## သစ်သားမြင်းရုပ်ကလေး

တစ်နေ့မှာ အန်ကယ်ပီဒါက သစ်သားမြင်းရုပ်တစ်ရုပ်လုပ်လိုက်တယ်။ ဘဝတစ်လျှောက်လုံးနေ့စဉ်နေ့တိုင်း ကလေးစရာအရုပ်တွေလုပ်နေတဲ့ အန်ကယ်ပီဒါအတွက်ကတော့ ဒါဟာ သိပ်ပြီး ထူးဆန်းလောက်တဲ့ ကိစ္စမဟုတ်တော့ပါဘူး။ ဒါပေမဲ့ သူအခု လုပ်လိုက်တဲ့ မြင်းရုပ်ကလေးကတော့ အစိမ်းရောင်လှည်းဘီး ၄ ဘီးပေါ်မှာ ရဲရင့်ပြီး ဝင့်ကြွားတဲ့ ကြီးကျယ်ခမ်းနားတဲ့ ပုံစံနဲ့ရှိနေသလို အနီရောင်ကုန်းနှီး၊ အပြာရောင် အစင်းကျားတွေနဲ့ လှပထည်ဝါစွာရှိနေတယ်လေ. . .။ အန်ကယ်ပီဒါက အခုလို လှပတဲ့ မြင်းရုပ်ကလေးမျိုး တစ်ခါမှမလုပ်ခဲ့ဖူးပါဘူး။

"ဒီလိုသစ်သားမြင်းရုပ်ကလေးမျိုးဆို ၅ သျှီလင်လောက်ဈေးခေါ်မယ်"လို့ သူက ပြောလိုက်တယ်။

mgyoe.com

ထိုအချိန်မှာ သစ်သားမြင်းရုပ်ကလေးရဲ့ဆေးသုတ်ထားပြီးတဲ့ အသစ်စက်စက်မျက်နှာပေါ်မှာ ကြီးမားတဲ့မျက်ရည်စက်တွေ ကျလာတာကို တွေ့လိုက်ရတော့ အန်ကယ်ပီဒါ အရမ်းကို အံ့သြသွားခဲ့ရတာပေါ့။

"အဲဒီလိုမလုပ်ပါနဲ့ကွယ်၊ မငိုပါနဲ့၊ ဆေးသုတ်ပြီးသွားတဲ့ မင်းမျက်နှာတွေ စိုရွှဲကုန်ပါမယ်။ မင်းမှာဘာများ ငိုစရာရှိလို့လဲ၊ မင်းကိုယ်ရဲ့ ဘေးနှစ်ဖက်စလုံးမှာ အစက်ကလေးတွေများများချပေးရမလား။ ဒါမှမဟုတ် ဘီးတွေကို ပိုကြီးပေးရမလား၊ ဘီးလှိမ့်ရင် မြည်တဲ့ အသံတကျွီကျွီထည့်ပေးရမလား၊ မင်းနေရတာကော အရမ်းကို တောင့်တင်းနေသလား။ ဒါမှမဟုတ်ရင် မင်းရဲ့အစင်းကျားတွေကို ပိုပြီး ကျဲကျဲထားပေးရမလား၊ မင်းကြိုက်တာပြောလေ. . .၊ ငါ တွေ့ရသလောက်မင်းအတွက် ငိုစရာ ဘာမှ မရှိပါဘူး။



mgyoe.com

mgyoe.com


ငါက မင်းကို ဒီအနေအထားနဲ့ ၅သျှီလင် ရအောင်ရောင်းမှာ”

အန်ကယ်ပီဒါရဲ့စကားဆုံးသွားပေမဲ့ သစ်သားမြင်းရုပ်ကလေးရဲ့ဆေးသုတ်ထားပြီးတဲ့ ပါးပြင်ပေါ်မှာ မျက်ရည်တွေက တသွင်သွင်စီးကျနေတုန်းပါပဲ။ ဒီတော့ နောက်ဆုံးမှာ အန်ကယ်ပီဒါက စိတ်မရှည်တော့ပါဘူး။ ဒါကြောင့် သူက သစ်သားမြင်းရုပ်ကလေးကို ကောက်ယူလိုက်ပြီး နောက်တစ်နေ့ နံနက်မှာ ရောင်းချဖို့ ပုံထားတဲ့ သစ်သားကစားစရာအရုပ်ပုံပေါ် ပစ်တင်ထားလိုက်သတဲ့။

သစ်သားမြင်းရုပ်ကလေးက ငိုနေရုံကလွဲပြီး ဘာဆိုဘာမှ ပြန်မပြောရှာပါဘူး။ ညရောက်တော့ သစ်သားကစားစရာအရုပ်တွေက အန်ကယ်ပီဒါရဲ့ ကုလားထိုင်အောက်က အိတ်ထဲမှာ အိပ်လိုက်ကြတယ်။

ထိုအချိန်သစ်သားမြင်းရုပ်ကလေးရဲ့ပါးပြင်နှစ်ဖက်ပေါ်မှာ မျက်ရည်တွေ တသွင်သွင်စီးကျနေတုန်းပါ။

မနက်ရောက်တော့ အန်ကယ်ပီဒါက အရုပ်တွေထည့်ထားတဲ့ အိတ်ကို ကောက်ယူလိုက်ပြီး အပြင်မှာ သွားရောင်းဖို့ ထွက်သွားခဲ့လိုက်တယ်။

သူဘယ်ရွာကိုရောက်ရောက် ကလေးတွေက သူ့ဆီအပြေးရောက်လာခဲ့ကြသတဲ့။

“အန်ကယ်ပီဒါရောက်လာပြီဟေ့၊ အန်ကယ်ပီဒါက သူ့သစ်သားရုပ်တွေကို ရောင်းဖို့ရောက်လာပြီ”လို့ ကလေးတွေက ပျော်ရွှင်စွာနဲ့ အော်လိုက်ကြတယ်။

နောက်တော့ တဲအိမ်တွေထဲကနေ အဖေ၊ အမေ၊ အဘိုး၊

mgyoe.com



အဘွား၊ အန်ကယ်၊ အန်တီ၊ ဝမ်းကွဲအစ်ကို အစ်မတွေ၊ မွေးစားမိဘတွေ ထွက်လာကြပြီး အန်ကယ်ပီဒါမှာ ရောင်းစရာဘာတွေပါတယ်ဆိုတာကို ကြည့်ကြတာပေါ့။ လူကြီးတွေ အားလုံးက သူတို့ရဲ့ သားသမီးတွေကို ဝယ်ပေးကြဖို့ပါ။ မွေးနေ့ကျရောက်တဲ့ ကလေးတွေကတော့ အဲဒီနေ့မှာ အန်ကယ်ပီဒါ ရောက်လာလို့ အရမ်းကို ကံကောင်းကြပါတယ်။ မွေးနေ့ရှင်ကလေးတွေက အဲဒီနေ့မှာ အကောင်းစားနဲ့အကောင်းဆုံးသော ကစားစရာအရုပ်တွေကို ရကြတယ်။ အရုပ်တွေအများကြီးရှိတဲ့ထဲက သူတို့ကြိုက်နှစ်သက်ရာကို ရွေးချယ်နိုင်တယ်လေ။ ကျောင်းမှာစာတော်ပြီး လိမ္မာတဲ့ကလေးတွေလည်း ကံကောင်းကြပြန်တယ်၊ သူတို့ရဲ့မိဘတွေက သစ်သားနဲ့ လုပ်တဲ့ ခဲတံဘူး၊ ပေတံ၊ ချွန်စက်၊ စက္ကူဖြတ်ဓားတွေကို အရွယ်ရောက်သူတွေအတိုင်း ဝယ်ပေးကြတယ်။

mgyoe.com

mgyoe.com

အရမ်းငယ်သေးတဲ့ ကလေးတွေကတော့ ရုပ်သေးရုပ်၊ မင်းသမီးရုပ်နဲ့ အခြားကစားစရာအရုပ်တွေ ရကြတယ်။

အန်ကယ်ပီဒါက သူတို့အားလုံး စိတ်တိုင်းကျဖြစ်အောင်လုပ်ပေးတယ်။ သူက ကစားစရာကလေးအရုပ်တွေကို အနီရောင်၊ အဝါရောင်ဆေးသုတ်ပေးပြီး ခေါင်းပိုင်းကိုတော့ အပြာရောင်၊ ကြက်သွေးရောင်၊ အစိမ်းရောင်တွေ သုတ်ပေးထားလိုက်တယ်။ ကလေးတွေစိတ်ကြိုက်ရွေးချယ်ပြီးသွားတဲ့အချိန်ကျမှ သူတို့ရဲ့ မိဘတွေ၊ အဘိုးအဘွားနဲ့ အစ်ကို အစ်မတွေ၊ ဦးလေး အဒေါ်နဲ့ မွေးစားမိဘတွေအားလုံးက သူတို့ကလေးတွေအတွက်ဝယ်ပေးတဲ့ အရုပ်အသီးသီးကို အိမ်ကိုယူသွားခိုင်းလိုက်ပြီး သူတို့ကလေးတွေကို အခုလိုလှမ်းပြောလိုက်တယ်။

"ကဲ နားထောင် နောက်နှစ်အထိဘာမှမရဘူး၊ မပူဆာနဲ့တော့၊ ကိုယ့်အရုပ်ကိုယ်ယူပြီး အိမ်ကိုသွားကြတော့"

နောက်တော့ မိဘ အုပ်ထိန်းသူတွေက ကစားစရာရောင်းတဲ့ အဘိုးအို ပီဒါရဲ့အကြောင်းအတင်းအဖျင်းပြောဖို့နောက်ချန်နေရစ်ခဲ့ကြတယ်. . .။ ပီဒါက သူဖြတ်လာခဲ့တဲ့လမ်းတစ်လျှောက် အခြားရွာတွေဆီက ကစားစရာအသစ်အဆန်းမှန်သမျှကိုယူဆောင်လာခဲ့သူ မဟုတ်လား၊ ကစားစရာတွေ အတော်များများ ရောင်းရပေမဲ့ သစ်သားမြင်းရုပ်ကလေးကိုတော့ ဘယ်သူကမှ မဝယ်ကြပါဘူး။

အကြောင်းကတော့ ဘယ်သူကမှ ဝယ်ယူဖို့ ၅ သျှီလင်မရှိကြလို့ပါ. . .။ အဖေအမေတွေ၊ အဘိုးအဘွားတွေ၊ ဦးလေးအဒေါ်တွေ ဝမ်းကွဲအစ်ကို အစ်မတွေ၊ မွေးစားမိဘတွေ အားလုံးက သူတို့ရဲ့

mgyoe.com




ခေါင်းတွေကို တွင်တွင်ခါပြီး အန်ကယ်ပီဒါကို အခုလိုပြောလိုက်ကြတယ်။

"၅ သျှီလင် များလှချေလား၊ နည်းနည်းပါးပါးလေးတောင် မလျှော့နိုင်တော့ဘူးလား အန်ကယ်ပီဒါ"

ဘယ်သူတွေက ဘယ်လောက်ပဲပြောနေပေမဲ့ အန်ကယ်ပီဒါကတော့ တစ်ပဲနိစ်တောင် မလျှော့နိုင်ပါဘူး၊ ဒါကြောင့် သူက အခုလိုပြောလိုက်တယ်။

"ခင်ဗျားတို့သိတဲ့အတိုင်းပဲ၊ ကျုပ်တစ်ခါမှ ဒီလောက်လှတဲ့ သစ်သားမြင်းရုပ်မျိုးတစ်ခါမှ မလုပ်ဖူးခဲ့ပါဘူး။ အရမ်းလှသွားလို့ ဒီလောက်ထိဈေးကြီးသွားရတာပါ"

ဒီအချိန်မှာသစ်သားမြင်းရုပ်ကလေးရဲ့ မျက်ရည်တွေက နှာခေါင်းပေါ်ကို တသွင်သွင်စီးကျနေတုန်းပေါ့. . .၊ သူ့ကို ကြည့်ရတာ တော်တော်လေးကိုဝမ်းနည်းနေပုံရပါတယ်။

mgyoe.com

အန်ကယ်ပီဒါက တစ်ယောက်တည်း ကျန်တဲ့အချိန်မှာ သူ့ကို နောက်တစ်ကြိမ်ထပ်မေးပြန်သတဲ့။

"ကဲ ပြောစမ်းပါဦး ငါ့ရဲ့သစ်သားမြင်းရုပ်ကလေးရယ်၊ မင်း ငိုစရာဘာရှိလို့တုန်း။ ငါမင်းခြေထောက်ကိုသံရိုက်တာ ကောက် ကွေးသွားလို့လား၊ ဒါမှမဟုတ်လုပတဲ့ အစိမ်းရောင်ဘီးတပ်ထား တာကို မကြိုက်လို့လား၊ မင်းကိုယ်ပေါ်မှာ အပြာရောင် အစင်း ကျားတွေလုပ်ပေးတာကိုရော မကြိုက်ဘူးလား၊ ငါ့ကို ပြောပြစမ်း ပါဦး၊ ဘာကြောင့်ငိုရတာလဲ. . .လို့ ငါမေးနေတာက မင်း ဘာ ဖြစ်တယ်ဆိုတာကို သိချင်လို့ပါ"

နောက်ဆုံးမှာ သစ်သားမြင်းရုပ်ကလေးက အားယူပြီး အငို တိတ်အောင် ကြိုးစားလိုက်တယ်။ ပြီးမှ သူ့သခင်အန်ကယ် ပီဒါ ကို အခုလိုပြောလိုက်တယ်။

"အို သခင်ကြီး ကျုပ်ခင်ဗျားကို ခွဲမသွားချင်ဘူး၊ ကျုပ်က ကိုယ့်ဘာသာ အေးအေးဆေးဆေးနေတဲ့ မြင်းရုပ်ကလေးပါ၊ ကျုပ် ကို ရောင်းပစ်မှာကို မလိုလားဘူး၊ ကျုပ်ခင်ဗျားနဲ့အတူအမြဲတမ်း နေချင်တယ်ဗျာ. . .။ နောက်ပြီး ကျုပ်က ခင်ဗျားခေါ်တဲ့ ဈေး လောက်လည်း မထိုက်တန်ပါဘူး။ ကျုပ်ကို မကြာခဏ ဆေးနည်း နည်းလောက်သုတ်ပေးလိုက်ရင် ရပါပြီ. . .။ ကျုပ်ရဲ့ ဘီးတွေကို လည်း တစ်နှစ်မှ တစ်ကြိမ်ဆီ နည်းနည်းလေး ထည့်ပေးရင်ရပါပြီ။ ဒါဆို ရင်ကျုပ် ခင်ဗျားကို သစ္စာရှိရှိနဲ့ အလုပ်အကျွေးပြုပါ့မယ်။ တကယ်လို့ ခင်ဗျားက ကျုပ်ကို ၅ သျှီလင်နဲ့ မရောင်းဘူးဆိုရင် ပေါ့လေ။ ကျုပ်က ကျယ်ပြောလှတဲ့ လောကကြီးထဲ ဟိုဟိုဒီဒီ ရောက်သွားမယ့် အကြောင်းကို စဉ်းစားလိုက်ရင် နှလုံးသားတွေ

mgyoe.com



ရိုက်ချိုး ဖျက်ဆီးခံရသလိုမျိုး ခံစားရတယ်ဗျ၊ ဒါကြောင့် ဒီမှာပဲ သခင်ကြီးနဲ့အတူ နေခွင့်ရပါရစေ နေခွင့်ပြုမယ်မဟုတ်လား"

အန်ကယ်ပီဒါက သူရဲ့ သစ်သားမြင်းရုပ်ကလေးကို တအံ့တသြနဲ့ သေချာစိုက်ကြည့်လိုက်ပြီး ခေါင်းကုတ်နေလိုက်တယ်။

"သြ…ဒါကြောင့် ငိုတယ်ဆိုတာကတော့ ရယ်စရာကောင်းနေပြီပေါ့ကွာ။ ငါ့ကစားစရာအရုပ်အတော်များများက ကျယ်ပြောလှတဲ့လောကထဲ လျှောက်သွားရမှာကို လိုလားကြတယ်ကွ. . .၊ နောက်ပြီး မင်းကို လူတွေက ၅ သျှီလင်ပေးပြီး မဝယ်ချင်ကြဘူး၊ မင်းကလည်း အခုလို မှိုင်တွေ ပူဆွေးနေတဲ့အသွင်သဏ္ဍာန်ရှိနေတော့ ဘယ်သူကမှ စိတ်မဝင်စားတာလည်း ဖြစ်နိုင်တာပဲ၊ လောလောဆယ်မင်းက ငါ့ကို တားနိုင်တယ်ဆိုတော့ ငါလည်း မင်းကို လုံးဝမဖျက်ဆီးတော့ပါဘူး"

mgyoe.com

mgyoe.com

အန်ကယ်ပီဒါက အခုလို ပြောလိုက်တော့ သစ်သားမြင်းရုပ်ကလေးလည်း ဆက်ပြီးမငိုတော့ဘဲ စက်ဝိုင်းပုံစံ ၃ ကြိမ်တိတိ ကခုန်ပေါက်လိုက်တယ်။

"ဩော် မင်းကတော်တော်လေး ပျော်ရွှင်မြူးကြွသွားတာကိုး"

အန်ကယ်ပီဒါပြောနေတဲ့ အချိန်မှာ သစ်သားမြင်းရုပ်ကလေးက သူ့ခြေထောက်မှာ တပ်ထားတဲ့ အစိမ်းရောင်ဘီး ၄ ဘီးစလုံး လေထဲမြောက်တက်သွားတော့မယ့် ပုံစံနဲ့ သူခြေထောက်တွေကို လေထဲကန်နေလိုက်တယ်။

ဒီအခါ ပျော်ရွှင်မြူးကြွနေတဲ့ သစ်သားမြင်းရုပ်ကလေးကို ကြည့်နေရင်းနဲ့ အန်ကယ်ပီဒါက "ဩော်. . .ဘယ်သူကများ ဒီလို စဉ်းစားနိုင်ပါ့မလဲ". . .လို့ တစ်ယောက်တည်း ရေရွတ်ပြောဆိုလိုက်မိပါတော့တယ်။

❑



mgyoe.com

mgyoe.com




# လိမ္မာပါးနပ်သော ကိတ်မုန့်များ

တစ်ခါကတောစပ်တစ်ခုနားမှာ အဘွားဖြစ်သူနဲ့အတူနေတဲ့ "မာရှာ"အမည်ရှိတဲ့ မိန်းကလေးတစ်ယောက်ရှိသတဲ့။

တစ်နေ့မှာ မာရှာက အဘွားကို မေးလိုက်တယ်။ "ဘွားဘွား၊ သမီးသူငယ်ချင်းတွေနဲ့အတူ အပြင်မှာသွားဆော့လို့ရမလား"

"ရပါတယ် မြေးလေးရယ်. . .။ ဒါပေမဲ့ တောထဲကိုတော့ လျှောက်မဝင်သွားနဲ့နော်၊ ကြားတယ်မဟုတ်လား မြေးလေး၊ တောထဲမှာ အန္တရာယ်ပေးနိုင်တဲ့ တိရစ္ဆာန်တွေကအများကြီး သူတို့က မြေးလေးကိုကိုက်စားမှာစိုးလို့ပါ"အဘွားဖြစ်သူရဲ့စကားဆုံးတာနဲ့ မာရှာလည်း သူငယ်ချင်းတွေနဲ့အတူ ကစားဖို့ထွက်လာခဲ့လိုက်တယ်။

မာရှာတို့က တူတူပုန်းတမ်းကစားကြတယ်။ မာရှာက ပုန်းဖို့

mgyoe.com

mgyoe.com

အဝေးကိုထွက်သွားရင်း သစ်တောရဲ့ နက်နက်ထဲမှာသွားပုန်းမိလိုက်တယ်။

နောက်တော့ သူငယ်ချင်းတွေက သူမကို လာရှာတဲ့အထိ စောင့်နေလိုက်သတဲ့။ မာရှာကစောင့်ပြီး စောင့်နေလိုက်တယ်။ ဒါပေမဲ့ ဘယ်သူမှပေါ်မလာကြပါဘူး။ ဒီတော့ မာရှာက နေရာက နေထွက်လာလိုက်ပြီး အိမ်ကို လမ်းလျှောက်ပြန်လာခဲ့လိုက်တယ်။ ဒီလိုနဲ့ သူမ ပြန်လာရင်း ဟိုလမ်းကိုရောက်လိုက်၊ ဒီလမ်းကိုရောက်လိုက်နဲ့ဖြစ်နေတယ်။ မကြာခင်မှာပဲ လမ်းပျောက်နေပြီဆိုတာကို မာရှာ သိလိုက်သတဲ့။

"ကယ်. .ကြ. . ပါ ရှင်၊ ကယ်ကြပါ. . .ကျွန်မလမ်းပျောက်နေလို့ပါ" သူမက ဘယ်လောက်ပဲ အော်ဟစ်အကူအညီတောင်းနေပေမဲ့ ဘယ်သူမှရောက်မလာကြပါဘူး။

ဒီအချိန်မှာကြီးမားတဲ့ကြွက်သားကြီးတွေရှိတဲ့ ဝက်ဝံကြီးတစ်ကောင် ရုတ်တရက်ပေါ်လာတယ်။

"အဟား မင်းငါနဲ့ အတူလိုက်ခဲ့စမ်း ကောင်မလေး၊ ငါမင်းကို အိမ်ခေါ်သွားမယ်၊ ငါ့အတွက် ညစာကို မင်းချက်ပေးရမယ်၊ ပြီးရင် ငါ့ဘောင်းဘီတွေကိုလျှော်ဖွပ်ပေး၊ ဒါပြီးရင် ငါ့အိမ်ထဲက ကြမ်းပြင်တစ်ခုလုံးကို တိုက်ချွတ်ဆေးကြောပေးရမယ်"

ဝက်ဝံကြီးပြောစကားကို မာရှာက ဂရုမစိုက်ဘဲပြန်ပြောလိုက်တယ်။ "ကျွန်မ ဒါမျိုးတွေ တစ်ခုမှမလုပ်ချင်ဘူး။ ကျေးဇူးပဲနော်၊ ကျွန်မ အိမ်ကို ပြန်နေတာပါ။ ပြန်ဦးမယ်"

ဒီအခါ ဝက်ဝံက ထပ်ပြောလိုက်တယ်။

"အိုး. . .မင်းပြန်လို့ မရဘူးလေ၊ မင်းငါနဲ့အတူ အိမ်ကို လိုက်

mgyoe.com

mgyoe.com




ခဲ့ရမှာ" ဝက်ဝံကြီးက သူရဲ့ကြီးမားတုတ်ခိုင်သန်မာလှတဲ့ လက်ဝါး ကြီးတွေနဲ့ မာရှာကို အသာကောက်ယူလိုက်ပြီး သူ့အိမ်ကို ခေါ် ဆောင်သွားတော့တယ်။

အခုတော့ မာရှာတစ်ယောက် ထမင်းဟင်းတွေလည်း ချက်ရ တော့မယ်၊ ပြီးတော့ ဝက်ဝံကြီးရဲ့ဘောင်းဘီတွေကိုလျှော်ပြီး အိမ်ကိုလည်း တစ်နေ့ကုန် ဖုန်သုတ် သန့်ရှင်းရေးလုပ်ပေးရတော့ မယ် မဟုတ်ပါလား။ မာရှာက ဒါမျိုးတွေ လုပ်ရမှာ အရမ်းကို မုန်းပါတယ်။ ပြီးတော့ ကြီးမားသန်မာတုတ်ခိုင်တဲ့ ဝက်ဝံကြီးကို လည်း အရမ်းအရမ်းကိုမုန်းမိပါတယ်။ ဒါကြောင့် သူမက အစီ

mgyoe.com

mgyoe.com

အစဉ်တစ်ခုဆွဲလိုက်သတဲ့။

မာရှာကကိတ်မုန့်အချို့ဖုတ်လိုက်တယ်။ ပြီးတော့ ဝက်ဝံကြီးကို အခုလို ပြောလိုက်တယ်။ "ဒီမှာ ဦးဝက်ဝံကြီး၊ ကျွန်မ အဘွားအတွက် ကိတ်မုန့်နည်းနည်းလောက်ယူသွားလို့ရမလား"

"ဒီလို မိုက်မဲတဲ့လှည့်ကွက်တစ်ခုလောက်နဲ့တော့ ငါက ကျဆုံးသွားမှာမှမဟုတ်တာဘဲ၊ ငါက သူ့ကို ဘွားအေဆီသွားဖို့ခွင့်ပြုလိုက်ရင် ဒီကောင်မလေးဘယ်တော့မှ ပြန်လာတော့မှာမဟုတ်ဘူး" လို့ ဝက်ဝံကြီးက သူ့ဘာသာတစ်ယောက်တည်း စဉ်းစားမိလိုက်တယ်။ ဒါကြောင့် မာရှာကို အခုလို ပြောလိုက်တာပေါ့ "မင်းသွားလို့မဖြစ်ဘူး၊ ငါမင်းဖုတ်ထားတဲ့ကိတ်မုန့်တွေကို ငါ့ဘာသာ မင်းအဘွားဆီယူသွားပေးမယ်"

ဝက်ဝံကြီးက အဲဒီလိုပြောလိုက်ပြီး စိတ်ထဲကနေ "ငါအဲဒီကိတ်မုန့်တွေအကုန်လုံးကို စားပစ်လိုက်ရရင်တော့ အရမ်းအရမ်းကိုအသာရရှိမှာပဲပေါ့"လို့ ကျိတ်ကြံနေလိုက်သတဲ့။

ဝက်ဝံကြီးရဲ့စကားကိုကြားရတော့ မာရှာက ကျေနပ်သွားတဲ့ဟန်နဲ့ ပြန်ပြောလိုက်တယ်။

"ကောင်းပြီလေ၊ ကျွန်မ ဒီခြင်းတောင်းထဲ ကိတ်မုန့်တွေထည့်လိုက်ဦးမယ်။ ကျွန်မ အဘွားဆီကိုသွားတဲ့လမ်းမှာ ကိတ်မုန့်တွေကို အကုန်လုံးစားမပစ်လိုက်နဲ့ဦး၊ တကယ်လို့လမ်းမှာ ခိုးစားရင် ပြန်လျော်ရမယ်နော်၊ နောက်ပြီး ကိတ်မုန့်တွေ ခိုးစားလိုက်တာနဲ့ ဦးဝက်ဝံကိုဆိုးဆိုးရွားရွားတစ်ခုခုထိခိုက်မှာကြိမ်းသေတယ်"

ဒီတော့ ဝက်ဝံကြီးကပြန်ပြောတယ်။ "ငါ နင့်အဘွားကို ပေးမယ့် ကိတ်မုန့်တွေကို မစားပါဘူးဟဲ့"

mgyoe.com

mgyoe.com




ဝက်ဝံကြီးကျောပေးလိုက်တာနဲ့ မာရှာက ခြင်းတောင်းထဲ အမြန်ခုန်ဆင်းပြီး ပုန်းနေလိုက်တယ်။ ခဏအကြာဝက်ဝံကြီးက ပြန်လှည့်လာပြီးခြင်းတောင်းကိုကောက်ယူလို့ အပြင်ကို စထွက်သွားပါတော့တယ်။

အတော်ကလေးလမ်းလျှောက်လိုက်ရလို့ ဝက်ဝံကြီး မောပန်းလာတယ်။ "အိုး ခြင်းတောင်းက အရမ်းလေးလိုက်တာနော်" လို့ ဝက်ဝံကြီးက တစ်ချက်ညည်းလိုက်ပြီး ခြင်းတောင်းချရင်းနဲ့ ထိုင်ချလိုက်တော့တယ်။

"အခုတော့လည်း ကိတ်မုန့်တွေစားရတော့မှာပေါ့"လို့ ဝက်ဝံကြီးကတစ်ကောင်တည်း ရေရွတ်လိုက်သံကို မာရှာက ကြားလိုက်လို့ခြင်းတောင်းထဲကနေ အသံပြုလိုက်တယ်။

mgyoe.com

mgyoe.com


"ကျုပ်ကို မစားပါနဲ့ ဦးဝက်ဝံကြီး၊ ကျုပ်တို့ကမာရှာရဲ့ အဘွား အတွက် အရမ်းသေးငယ်အောင် လုပ်ထားတဲ့ ကိတ်မုန့်ကလေး တွေပါ"

ကိတ်မုန်ထည့်ထားတဲ့ခြင်းတောင်းထဲက အသံကိုကြားရတော့ ဝက်ဝံကြီးက လန့်ပြီး ထခုန်လိုက်သတဲ့

"အိုး၊ ဒီကိတ်မုန့်တွေက ငါပြောတာကိုကြားသွားပါလား"

ဝက်ဝံကြီးက တအံ့တသြဖြစ်သွားပြီး အခုလို ရေရွတ်လိုက် တယ်။

"အင်း ဟုတ်တယ်၊ ငါကိတ်မုန့်တွေအကုန်လုံးကို စားပစ် လိုက်ရင် ငါ့ကို ဆိုးဆိုးရွားရွား တစ်ခုခုထိခိုက်မှာလို့ မာရှာက ပြောခဲ့သားပဲ၊ ဒါကြောင့် သူတို့ကိုလုံးဝမစားဘဲ ဒီအတိုင်းပဲထား လိုက်မယ်"

ဒီတော့ ဝက်ဝံကြီးက မတ်တတ်ထပြီး လမ်းလျှောက်လိုက် တယ်။ သူကလမ်းကိုဆက်ဆက်ပြီး လျှောက်လာရင်းနဲ့ ဗိုက်ဆာ လာပါတော့တယ်။

"ငါသူတို့တစ်ယောက်မှမသိအောင် ကိတ်မုန့်တွေကို စားပစ် လို့ရတာပဲ၊ ဘယ်သူမှမသိရင် ငါ့ကိုလည်း ဘာဆိုးဆိုးရွားရွားမှ ထိခိုက်မှာမဟုတ်လောက်ဘူး။ ခက်တာက ငါကိတ်မုန့်တွေကို ဘယ်သူမှမသိအောင် ဘယ်လိုစားရမလဲ"လို့ ဝက်ဝံကြီးက စဉ်းစား ရကျပ်နေသတဲ့။ နောက်တော့ သူက ကျယ်လောင်တဲ့ လေသံနဲ့ အခုလိုပြောလိုက်ပြန်တယ်။ "အိုး ဒီကိတ်မုန့်ကလေးတွေ ခြင်း တောင်းထဲကနေ ခုန်ထွက်လာခဲ့ရင် ငါနဲ့အတူလမ်း လျှောက်လို့ ရတာပဲဟာ"

mgyoe.com



ဝက်ဝံကြီးက သူ့အတွေးနဲ့ သူရှိနေတုန်း မာရှာက ခြင်းတောင်းထဲကနေ အခုလို အသံပြုလိုက်ပြန်တယ်။

"ခင်ဗျား ကျုပ်တို့ကို လုံးဝမထိရဲပါဘူး၊ ခင်ဗျားက အငမ်းမရ စားချင်နေတာမဟုတ်လား၊ ကျုပ်တို့ အားလုံးက မာရှာရဲ့ အဘွား အတွက် အရမ်းသေးငယ်တဲ့ ကိတ်မုန့်ကလေးတွေပါဗျာ"

ဒီအခါ ဝက်ဝံကြီးက လိပ်ပြာစင်မတတ် လန့်ဖျပ်သွားခဲ့တယ်။

"ဝိုး နောက်ဆို ငါဘာမှမပြောဘဲနေလိုက်တော့မယ်၊ ငါဗိုက် အရမ်းဆာလာရင် ခဏထိုင်နားပြီး သူတို့ကို အငမ်းမရမျိုချပစ်တာ ပဲကောင်းမယ်၊ ဒါဆိုရင်တော့ အရမ်းကိုအရသာရှိမှာပဲ"

ဝက်ဝံကြီးက အခုလိုတွေးရင်းမတ်တတ်ရပ်ပြီး လမ်းထ လျှောက်လိုက်တယ်။

mgyoe.com

mgyoe.com

ဒီလိုနဲ့တဖြည်းဖြည်း ဝက်ဝံကြီးက ဗိုက်အရမ်းဆာလာခဲ့တယ်။ သူကဗိုက်ဘယ်လောက်တောင်ဆာသလဲဆိုရင် သူ့ဗိုက်ထဲမှာ တွင်းကြီးတစ်တွင်းဖြစ်နေသလိုတောင် ခံစားလိုက်ရသတဲ့။ ဒီတစ်ကြိမ်မှာတော့ သူ့ပါးစပ်ကနေဘာမှဆက်မပြောမိအောင် အရမ်းကို သတိကြီးကြီးထားနေလိုက်တယ်၊ ဒါကြောင့် သူက မြေကြီးပေါ်ကို သတိထားပြီးဖြည်းဖြည်းချင်းထိုင်ချလိုက်တယ်။ ပြီးတော့ သူရဲ့ကြီးမားတဲ့ လက်ကြီးတွေက ခြင်းတောင်းဆီကို အသာလေးရောက်သွားခဲ့တယ်။

ဒါပေမဲ့ မာရှာက ခြင်းတောင်းထဲက အပေါက်ထဲကနေချောင်းနေတာဆိုတော့ ဝက်ဝံကြီးဘာလုပ်တယ်ဆိုတာ အကုန်မြင်နေရတာပေါ့။ ဒါကြောင့် မာရှာက နောက်တစ်ကြိမ် ခြင်းတောင်းထဲက ကိတ်မုန့်ကလေးတွေပြောတဲ့ ပုံစံနဲ့ အခုလိုပြောလိုက်ပြန်တယ်။

"ခင်ဗျား ကျုပ်တို့ကို မထိရဲဘူးမဟုတ်လား၊ ခင်ဗျားကအရမ်းကို လောဘကြီးပြီး အရမ်းကို အငမ်းမရဖြစ်နေတာကိုး၊ ကျုပ်တို့က မာရှာရဲ့အဘွားအတွက် အရမ်းကိုသေးငယ်တဲ့ ကိတ်မုန့်ကလေးတွေပါဗျာ။ ခင်ဗျား ကျုပ်တို့ကို ထိလိုက်တာနဲ့ ခင်ဗျားမျက်တောင်တစ်ချက်မခတ်နိုင်ခင်လေးမှာပဲ ကျုပ်တို့ အားလုံးခြင်းတောင်းထဲကနေ ခုန်ထွက်လာမှာ၊ ကျုပ်တို့အပြင်ကိုရောက်တာနဲ့ ခင်ဗျားကို နားရွက်ပါမကျန်စားပစ်မှာ"

ဒီတစ်ကြိမ်မှာလည်း ဝက်ဝံကြီးက အံ့သြရပြန်တယ်။

"ဝိုး ဒီကိတ်တွေက မှော်ဆန်လှပါလား၊ ငါဒီကိတ်မုန့်တွေကို ထိတာနဲ့ ရှူးသွားမလားတောင် မသိပါဘူး။ ဒီတော့ သူတို့ကို မာရှာရဲ့ အဘွားဆီ အတတ်နိုင်ဆုံးမြန်မြန်ပို့ပေးမှဖြစ်တော့မယ်၊

mgyoe.com

mgyoe.com


နို့မို့ဆိုရင် ငါ့ကို ဆိုးဆိုးရွားရွားထိခိုက်စရာတွေ ဖြစ်လာတော့မှာ"

ဝက်ဝံကြီးက ကြောက်ကြောက်နဲ့ အဲဒီလိုတွေးလိုက်ပြီး မာရှာရဲ့ အဘွားဆီ သုတ်ခြေတင်သွားလိုက်တယ်။

မာရှာရဲ့ အိမ်ကိုရောက်တာနဲ့ ဝက်ဝံကြီးက "တံခါးဖွင့်ပေးပါ အဘွား" လို့ အော်ခေါ်လိုက်တယ်။

ခဏအကြာ မာရှာရဲ့ အဘွား တံခါးဝကို ရောက်လာပြီး ကြီးမားတဲ့ ဝက်ဝံကြီးကိုတွေ့လိုက်ရလို့ အရမ်းကိုကြောက်လန့်သွားခဲ့တယ်။ အဘွားဖြစ်သူက အရမ်းကိုကြောက်လွန်းတော့ တံခါးဝမှာတင် မတ်တတ်ရပ်လျက်သားတစ်ကိုယ်လုံး တောင့်တင်းသွားခဲ့သတဲ့။

ဒါပေမဲ့ အဲဒီအချိန်မှာ မာရှာကခြင်းတောင်းထဲကနေ အခုလို အသံပြုပြီး သတိပေးလိုက်တယ်။

"သတိထားနေပေတော့ ဝက်ဝံကြီး၊ ခင်ဗျားကိုပေးထားတဲ့ အချိန်စေ့သွားပြီ. . .၊ အခုကျုပ်တို့ အားလုံးခြင်းတောင်းထဲကနေ ထွက်ပြီး ခင်ဗျားကို စားပစ်လိုက်တော့မယ်"

ဒီလိုကြောက်စရာကောင်းတဲ့ သတိပေးချက်ကိုကြားရတော့ ဝက်ဝံကြီးက အရမ်းလန့်ဖျပ်သွားပြီး လက်ထဲမှာကိုင်ထားတဲ့ ခြင်းတောင်းကိုလွှတ်ချလိုက်တာပေါ့. . .၊ ပြီးတော့ ဝက်ဝံကြီးက "ကိတ်မုန့်လေးတွေက ငါ့ကို စားပစ်တော့မယ်၊ ကယ်ကြပါ. . . ကယ်ကြပါ" လို့ တစာစာအော်ပြီး အကူအညီတောင်းတယ်. . .။ ပြီးတော့ အမြန်ဆုံးဝေးဝေးရောက်အောင် ပြေးလိုက်တယ်။

ဝက်ဝံကြီးအဝေးကို ရောက်သွားတော့မှ မာရှာကခြင်းတောင်းထဲကနေထွက်လာပြီး အဘွားဖြစ်သူဆီသွားလိုက်တယ်။ အဘွား

mgyoe.com

mgyoe.com




လုပ်သူက သူ့ကိုတွေ့ရတော့ အရမ်းကို ဝမ်းသာသွားတာပေါ့။

မာရှာတို့ မြေး အဘွားနှစ်ယောက်က တစ်ယောက်နဲ့တစ်ယောက်ဖက်လိုက်ကြပြီး နောက်တစ်နေ့အတွက် နမ်းစရာမကျန်အောင်အထိ အပြန်အလှန်နမ်းလိုက်ကြသတဲ့။

အဘွားဖြစ်သူက မာရှာကို ခုလို ချီးမွမ်းတယ်။

"ဒီလောက်ကြီးတဲ့ ဝက်ဝံကြီးကို အသေအချာလှည့်စားနိုင်တဲ့သမီးလေးက အရမ်းကို တော်တာပဲနော်"

ဒီအခါ မာရှာက ပြန်ပြောပြတယ်။

"ကိစ္စမရှိပါဘူး ဘွားဘွား၊ ဒီခြင်းတောင်းထဲက ကိတ်မုန့်လေးတွေကိုကြည့်ပါဦး၊ ဝက်ဝံကြီးကို သူတို့က ကြောက်အောင်လုပ်ခဲ့တယ်လေ။ ကောင်းမှကောင်းတဲ့ ကိတ်မုန့်လေးတွေပေါ့ ဘွားဘွားရယ်"

❑

mgyoe.com




## အသံပျောက်နေတဲ့ သံစုံတီးဝိုင်း

မြို့ကြီးတစ်မြို့ရဲ့ အချက်အချာကျတဲ့နေရာမှာရှိတဲ့ လုံးဝန်းတဲ့ အဆောက်အဦထဲမှာ မီးပန်းဆိုင်းတွေ၊ ခေါက်ထားတဲ့ အရေအတွက်ထောင်ချီရှိနေတဲ့ အနီရောင်ထိုင်ခုံတွေ ရှိနေတဲ့ အခန်းတစ်ခန်းမှာတော့ ညစဉ်တိုင်း နာမည်ကျော် သံစုံတီးဝိုင်းက တင်ဆက်ဖျော်ဖြေလျက်ရှိပါသတဲ့။

ဒီတော့ ညစဉ်တိုင်းအဲဒီနေရာမှာ "ဘူးမ်း. . .ဘူးမ်း. . .ဘူးမ်း" နဲ့ အသံတွေ မြည်နေတာပေါ့။

တစ်ခါတစ်ရံ အဲဒီသံစုံတီးဝိုင်းမှာ ဂီတပညာရှင် "စရပ်စ်"က "ဒမ်. . .ဒမ်. . .ဒမ်" ဆိုတဲ့ အသံနဲ့ တေးသွားကို တင်ဆက်ဖျော်ဖြေပြီး၊ တစ်ခါတစ်ရံမှာတော့ "ဂလင်မီလာ"ဆိုတဲ့ ဂီတပညာရှင်က "ဒါ. . .ဒီဒီဒီ" "ဒါ ရာ" "ဒီဒီ" ဆိုတဲ့ အသံနဲ့ တေးသွားကိုဖျော်ဖြေပေးပါတယ်။

 mgyoe.com 

တစ်ခါတစ်ရံမှာလည်း "ဗီသိုဗင်"ရဲ့ "ဘူးမ်း. . .ဘူးမ်း. . . ဘူးမ်း. . .ဘူးမ်း"ဆိုတဲ့ တေးသွားကို ဖျော်ဖြေတတ်ပါတယ်။

တော်ဝင်သံစုံတီးဝိုင်းက ဂီတပညာရှင်တွေဟာ သူတို့ငယ်ငယ်လေးကတည်းက ဂီတဖျော်ဖြေပွဲတွေမှာ ပါဝင်သီဆိုတီးမှုတ်ခဲ့ဖူးတဲ့သူတွေဖြစ်ပါတယ်။ အခုတော့လည်း သူတို့က ဆံပင်တွေပါး၊ ထိပ်တွေပြောင်ပြီး တူရိယာပစ္စည်းတွေကိုတီးခတ်တဲ့လက်ချောင်းတွေမှာလည်း အဖုအထစ်တွေဖြစ်လာကြပါပြီ။ သူတို့အားလုံး အသက်တွေကြီးအိုမင်းလာကြပြီပေါ့။ ဘာပဲဖြစ်ဖြစ်သူတို့အားလုံးက ညနေတိုင်းတီးမှုတ်နေကျပါ. . .။ ညစဉ်ညတိုင်းလည်း သူတို့ရဲ့ တူရိယာတွေကို ဇာတ်စင်အောက်က ဗီရိုကြီးတွေထဲထုပ်ပိုးသိမ်းဆည်းလိုက်၊ ပြန်ထုတ်ပြီး တီးခတ်လိုက်နဲ့အလုပ်တွေအမြဲရှုပ်နေကြတာပေါ့. . .။ မည်းမှောင်ပြီး တိတ်ဆိတ်နေတဲ့ညမှာဆို သူတို့က တယောကြီးထိုးသံနဲ့ဟောက်ပြီးအိပ်တတ်ကြသလို တစ်ခါတစ်ရံ အိပ်စက်နေရင်းကနေ ပလွေသံနဲ့ စကားပြောပြီး ယောင်လိုက်ကြသတဲ့။ သူတို့က အဲဒီလောက်အထိ ဂီတကို ချစ်မြတ်နိုးကြသူတွေပါ။

သန်းခေါင်ယံချိန်နောက်ပိုင်း မုန်တိုင်းထန်တဲ့ ညတစ်ညမှာ ဆူညံသံတွေနဲ့အတူ သံစုံတီးဝိုင်းရဲ့တူရိယာတွေက နိုးထလာပါတော့တယ်။

"အပြင်မှာ နောက်ထပ်သံစုံတီးဝိုင်းတစ်ခုရှိနေတယ်နဲ့တူတယ်။ တီးမှုတ်နေတဲ့ အသံကိုကျုပ်ကြားနေရလို့ပါ"လို့ "စနဲဒရမ်" က ပြောလိုက်တယ်။

ဒီအခါ တြိဂံပုံကြေးတူရိယာကလည်း စကားဝိုင်းထဲဝင်ပါ

mgyoe.com

mgyoe.com
လိုက်တယ်။ "ဟုတ်တယ် ကျုပ်လည်း ကြားမိတယ်၊ နောက်ထပ် တြိဂံပုံကြေးတူရိယာတစ်ခုရဲ့အသံကိုကြားရလို့ပါ"

ဒီတော့ တယော ၄ မျိုးထဲက ပထမဆုံးတယောကလည်း ဝင်ပြောတာပေါ့. . .


"အခြားတူရိယာတွေက ကျုပ်တို့အလုပ်ကို ဝင်လုပ်နေတာနဲ့ တူပါတယ်"

ဒီတစ်ကြိမ်မှာတော့ တစ်ဖက်ပိတ် ဒရမ်ကလည်း ဝင်ပြောတာပေါ့။

"ဘာပဲဖြစ်ဖြစ် ဘယ်သူတွေလဲဆိုတာ ကျုပ်တို့ မကြာခင် သိရတော့မှာပါ"

တစ်ဖက်ပိတ်ဒရမ်က ပြောရင်းဆိုရင်း ဗီရိုတံခါးကို သူ့ရဲ့ ကြီးမားတဲ့ ကိုယ်ထည်ကြီးနဲ့လိမ့်ပြီးဆောင့်ဖွင့်လိုက်တယ်။ ခဏအကြာမှာ ဗီရိုတံခါးက သစ်သားစတွေကျိုးကြေစွာနဲ့ပွင့်ထွက်သွားပါတော့တယ်။

နောက်တော့ ချူတပ်ထားတဲ့ဗုံက နံရံက မီးခလုတ်တွေရှိရာကို လိမ့်သွားပြီး ခဏအကြာမှာဂီတ ဖျော်ဖြေပွဲရဲ့ မီးတွေ အစုံလင်းထိန်သွားပါတော့တယ်။



mgyoe.com

mgyoe.com

ဒါပေမဲ့ အပြင်မှာ သူတို့ထင်ထားသလိုမျိုး တခြားသံစုံတီးဝိုင်းရှိမနေပါဘူး၊ ပြီးတော့ သူတို့လိုမျိုး ဂီတတူရိယာပစ္စည်းတွေကိုလည်း လုံးဝမတွေ့မမြင်ရပါဘူး။ တကယ်တော့က ပွဲခန်းမကြီးက သူ့ကိုယ်ပိုင်ဂီတသံစဉ်တွေကိုဖျော်ဖြေပေးနေတာ ဖြစ်ပါတယ်။

အဲဒီအချိန်မှာ မိုးရေစက်တွေကြောင့် ပြတင်းပေါက်ပေါင်တွေမှာက ဖျောက်ဖျောက်အသံတွေထွက်လာပါပြီ. . .။ နောက်ပြီး လေပြင်းတိုက်ခတ်တာကြောင့် မီးပန်းဆိုင်းတွေတုန်ခါပြီး ခန်းမကြီးရဲ့နောက်ကျောက တံခါးတွေအားလုံးလည်း ဝုန်းခနဲ ဒိုင်းခနဲ ပိတ်သံတွေနဲ့ ဆူညံလာပြီပေါ့. . .။

ထိုအချိန်မှာပဲ အေးစိမ့်လွန်းလှတဲ့ လေစိမ်းတစ်ချက်တိုက်ခတ်မှုကြောင့် ထိုင်ခုံတွေအောက်ဘက်ကကော်ရစ်တာတစ်လျှောက်မှာ အရမ်းအေးစိမ့်သွားခဲ့တာပေါ့. . .။ အခန်းတစ်ခုလုံးအရမ်းကို အေးစက်သွားတာကြောင့် ရေနွေးငွေ့ပေးတဲ့ ပိုက်လိုင်းစနစ်တွေလည်း ပျက်စီးရပ်တန့်သွားခဲ့ရပါသတဲ့၊ အဆိုးဆုံးကတော့ ကောင်းကင်ကနေ မိုးစက်တွေက အောက်မှာရှိတဲ့ ဂီတတူရိယာပစ္စည်းတွေအပေါ် အဆက်မပြတ်ကျနေခြင်းသာ ဖြစ်ပါတယ်။

အရမ်းကိုချမ်းတုန်လာကြတာဆိုတော့ သူတို့ အားလုံးက ဗီရိုထဲကို ပြန်ဝင်သွားခဲ့ကြပါတယ်။ ဒါပေမဲ့ သူတို့က တံခါးကို ပြန်မပိတ်ကြတော့ပါဘူး၊ အေးစိမ့်နေတဲ့ လေကတစ်ညလုံးလိုလို သူတို့ကို နှိပ်စက်နေခဲ့တယ်။ နောက်တစ်နေ့မှာ ခါတိုင်းလိုပဲ ညှော်ပရိသတ်က ရောက်လာပါတော့တယ်။ အချက်ပြညွှန်ပြသူက တီးဝိုင်းရဲ့ရှေ့မှာ နေရာယူလိုက်တယ်။ ပြီးတော့ သူက ဂီတပညာရှင်တွေကို အခုလို တီးတိုးလေးပြောလိုက်တယ်။

mgyoe.com

mgyoe.com


"ယနေ့ညမှာ ဖျော်ဖြေမယ့်သူကတော့ "ဂလင်းမီလာ"တဲ့။

ခဏအကြာမှာ တူရိယာပစ္စည်းတွေအားလုံးကတီးမှုတ်မယ့်သူ တွေရဲ့လက်ထဲကို အသီးသီးရောက်ရှိသွားပါတော့တယ်။

သံစုံတီးဝိုင်းကို ဦးဆောင်သူက စင်မြင့်ပေါ်ကိုတက်ပြီး သူ့ လက်ထဲကအချက်ပြတုတ်တိုနဲ့ တီးဝိုင်းကို အချက်ပြလိုက်တယ်။

ပြီးတော့ သူက အခုလို ကြေညာလိုက်တယ်။

"ဗီသိုဗင်" အဲဒီအသံထွက်ပေါ်ပြီးတာနဲ့ ဂီတပညာရှင်တွေ အားလုံး သူတို့လက်ထဲမှာရှိတဲ့ တယောဘိုးတံတွေ၊ ဒရမ်စတစ် တွေ၊ ပလွေတွေကို မြှောက်လိုက်ကြပြီး ခဏအကြာ ခေါင်းဆောင် က သူ့လက်က အချက်ပြတုတ်တိုတို အောက်ပြန်ချလိုက်တယ်။

ပထမဆုံးတယောကို ဖားအော်သံလိုမျိုး တစ်ချက်ထိုးပြီး ခဏ လောက်ပြန်လည်တိတ်ဆိတ်သွားခဲ့တယ်။

နောက်တော့ မောင်းသံတစ်ချက်တုန်ခါသွားပြီး ကလာရီနက်



mgyoe.com

mgyoe.com
က သက်ပြင်းချလိုက်တယ်။ နောက်တော့လေချွန်သံတစ်ချက်ပြု လိုက်ပြီး သူတို့ရဲ့ အသံတွေ လုံးဝဥသုံပျောက်ကွယ်သွားပါတော့ တယ်။

နောက်တော့ လေမှုတ်တူရိယာက ခပ်ကြမ်းကြမ်းလေးတစ် ချက်မှုတ်လိုက်ပြီး ဒရမ်မာသမားကလည်း ကြမ်းကြမ်းလေးတီး လိုက်ပြန်ပါတယ်။

အဲဒီလို တစ်ယောက်တစ်မျိုးတီးမှုတ်လိုက်ကြတာကြောင့် သံစုံ တီးဝိုင်းလည်း မညီမညာ မပျော်မရွှင်နဲ့ဖြစ်နေပါတော့တယ်။

သံစုံတီးဝိုင်းက တစ်ယောက်တစ်ပေါက် မညီမညာဖြစ်နေတာ ကြောင့် ကြွရောက်အားပေးကြတဲ့ ပရိသတ်ကလည်းအရမ်းကို စိတ်ဆိုးလာကြပြီပေါ့။ မန်နေဂျာက ပရိသတ်တွေကို ငွေပြန်အမ်း ပါမယ်လို့ ကတိပေးပြီးအနူးအညွတ်တောင်းပန်လိုက်တယ်။ ဒီအခါဂီတပညာရှင်တွေကလည်း သူတို့ရဲ့ လက်ထဲမှာ တူရိယာ ပစ္စည်းတွေ အသီးသီးကိုင်ပြီး ငိုကြွေးကြပါတော့တယ်။ ဂီတပညာ ရှင်တွေရဲ့မျက်ရည်တွေမှာ ဆားဓာတ်တွေများစွာပါဝင်နေတာ ကြောင့် အခြေအနေဆိုးတွေကို ပိုပြီးဖြစ်လာစေပါတော့တယ်။

"ဒီနေ့ ညနေပိုပြီးအေးတယ်လို့ ခံစားရတယ်" လို့ ပြင်သစ် ကြေးခရာမှုတ်တဲ့ သူက အေးစက်နေတဲ့သူ့တူရိယာကို ပြောင် အောင်ပွတ်တိုက်ရင်းနဲ့ ပြောလိုက်တယ်။

"ကျွန်တော်စနဲဗုံပေါ်မှာ ရေစက်ကျထားတဲ့ အကွက်တွေကို တွေ့လိုက်တယ်။ ဒါပေမဲ့ ဘယ်သူမှ သတိမထားမိဘူးဗျ"လို့ ဒရမ်းတီးသူက ပြောပြန်တယ်။ ထိုအခါ နောက်တစ်ယောက်က လည်း ပြောလိုက်ပြန်တယ်။

mgyoe.com

mgyoe.com

"ပြီးခဲ့တဲ့ ညက မုန်တိုင်းတိုက်ခတ်ခဲ့ပုံရတယ်. . .၊ အခုတော့ အားလုံးစိုရွှဲပြီး အေးစက်ကုန်ပြီလေ"

အခုလိုပြောဆိုနေသံတွေကို ကြားလိုက်တဲ့ အချက်ပြ တုတ်တံကိုင်သူက နောက်ဆုံးမှာ အခုလိုပြောလိုက်ပြန်တယ်။

"အိုး သနားစရာကောင်းတဲ့ ငါ့ရဲ့ သံစုံတီးဝိုင်းရယ်"

အဲဒီနေ့ညမှာ သံစုံတီးဝိုင်းက တူရိယာတွေအားလုံး စင်မြင့်ပေါ်မှာ အသီးသီးလှဲနေလိုက်ကြတယ်။

"ငါတို့ဘာတွေ ဖြစ်လာဦးမှာလဲ" ဆိုပြီး အသံမြင့်တဲ့ ပလွေငယ်က ပြောလိုက်တော့ တယောကြီးကလည်း ပြန်ပြောတယ်။

"ငါတို့ကို အစားထိုးတော့မယ်နဲ့တူတယ်။

ဒီအခါ အနိမ့်သံထွက်တဲ့ ကြေးတူရိယာကလည်း "ဒီစင်မြင့်အောက်မှာ ရှိတဲ့ ငါတို့ နေရာကို အခြားတူရိယာတွေအစားထိုးရောက်လာတော့မယ်နဲ့တူတယ်"

နောက်တစ်နေ့နံနက်မှာ ရာသီဥတုကသာယာပြီး နေသာနေသတဲ့၊ ထိုအချိန်နေ့လယ် ၁၂ နာရီတိတိမှာ ဂီတဖျော်ဖြေပွဲစတင်တော့မှာဖြစ်ပြီး ပင်ပန်းနေတဲ့ တူရိယာတွေအားလုံးကလည်း ပွဲစဖို့ အရန်သင့်ရှိနေရအောင် ပြင်ဆင်ကြရတော့မှာပေါ့။

တူရိယာပစ္စည်းတွေအားလုံးကို အဝတ်တွေနဲ့ပတ်ပြီး တီးမှုတ်သူအသီးသီးက အပြင်ကို ခေါ်ထုတ်သွားကြတယ်။ နောက်တော့ ခဏအတွင်းမှာပဲ တူရိယာပစ္စည်းတွေအားလုံးကားပေါ်ကို ရောက်သွားကြပါပြီ. . .။ ဒီတူရိယာတွေအားလုံး နှစ်ပေါင်းအတော်ကြာကြာအထိ ပြင်ပအခြားဘယ်နေရာကို ရောက်သွားဖူးခြင်းမရှိပါဘူး။

mgyoe.com

mgyoe.com

ငွေပါတဲ့ တူရိယာနဲ့ကြေးဝါပါတဲ့ တူရိယာတွေက ကား ပြတင်းပေါက်က တစ်ဆင့်ဝင်ရောက်လာတဲ့နေရောင်ထဲမှာ မျက်စိကြိမ်းလောက်အောင်အထိပြောင်လက် ဝင်းထိန်နေတာပေါ့။

"ငါတို့အားလုံးကို သွားရောင်းပစ်တော့မလားမသိဘူး"လို့ "ရှယ်လို" လို့ခေါ်တဲ့ တယောကြီးက ညည်းညူပြောဆိုလိုက်တယ်။

"ဒါမှမဟုတ်လည်း တစ်စစီ ဖြစ်အောင် ဖြုတ်မလို့လား မသိဘူး" လို့ လက်ဆွဲဘာဂျာက မျက်ရည်လည်ရွဲနဲ့ပြောလိုက်ပြန်တယ်။



mgyoe.com

ဒါကိုတယောက "မီးရှို့ပစ်မှာလားမသိဘူးနော်" လို့ ပြောလိုက်တော့နဲ့ကြီးက "မဟုတ်ဘူး ငါတို့ကို မြေမြုပ်ပစ်မှာ"လို့ ထင်ရာပြောချလိုက်သတဲ့။

ဒီလိုပြောနေကြတာကို ကြားလိုက်ရတဲ့ ကားမောင်းနေတဲ့ အချက်ပြတုတ်တံကိုင်သူက "ကဲ အခုလောလောဆယ်ပျော်ပျော်နေကြစမ်းပါ၊ အားလုံးအဆင်ပြေချောမွေ့ပါလိမ့်မယ်"လို့ ပြောလိုက်တယ်။ အချက်ပြတုတ်တံကိုင်သူက စကားပြောဆိုနေရင်းကနေ ရေခဲမုန့်ကား တစ်စီးနဲ့ ပက်လက်ကုလားထိုင်အပုံကြီးချထားတဲ့နေရာတို့အကြား မြို့တော်ရဲ့ ဥယျာဉ်အလယ်ကောင်မှာ ကားကို ရပ်တန့်လိုက်တယ်။ ကားပေါ်မှာပါလာသူတွေအားလုံး ဆင်းလာကြတယ်။

သစ်ပင်ကြီးတွေအောက်မှာတော့ နေပြောက်ကလေးတွေက များစွာ လှုပလျှက်ကျရောက်နေတာတွေ့ရတယ်။ ငှက်ကလေးတွေက အချို့က တေးဆိုနေသလို အချို့ကတော့ အပင်တွေအပေါ်မှာ နေစာလှုံရင်း အိပ်ငိုက်နေကြတာပေါ့။ လူအတော်များများက ဥယျာဉ်ထဲမှာ ပက်လက်လှန်ပြီး မျက်နှာတွေပေါ်မှာ လက်ကိုင်ပဝါလေးတွေ အစီစီတင်ထားပြီး အိပ်ပျော်နေကြတာ တွေ့ရတယ်။ အဲဒီနေရာ တစ်ဝိုက်မှာနွေးထွေးပြီး ရနံ့သင်းသင်းလေးတွေကလည်း မွှေးပျံ့နေတာပေါ့. . .

ဂီတသမားတွေက ခေါက်ကုလားထိုင်တွေကို အစီရီဖြန့်ပြီး ထိုင်လိုက်ကြတယ်။ ပြီးတော့ ရေတွေစိုနေတဲ့ ဒရမ်တွေ၊ တယောတွေ၊ ပတ္တလားတွေ၊ တယောကြီးနဲ့ ကလာရီနက်(နဲ့)၊ လေမှုတ်တူရိယာတွေ၊ လင်းကွင်းတွေ၊ သံချေးတက်နေတဲ့ တြိဂံပုံကြေး

 mgyoe.com 



ကွင်းတွေ၊ အားလုံးကို နေပူပူထဲမှာ အခြောက်လှမ်းလိုက်ကြ တယ်။

ခဏအကြာတီးဝိုင်းရဲ့ အချက်ပြတုတ်တံက အခုလို တီးတိုး ပြောလိုက်တယ်။ “ဂုဏ်သရေရှိလူကြီးမင်းတို့၊ ငါတို့တွေ ဗီသိုဗင်ရဲ့ တေးသွားကို တီးမှုတ်ဖျော်ဖြေကြရအောင်”

ဒီအခါ တူရိယာပစ္စည်းတွေအားလုံးက တစ်ပြိုင်နက်တည်း “ဘူးမ်း. . .ဘူးမ်း”ဆိုတဲ့ အသံမြည်ဟိန်းအောင်တီးမှုတ်လိုက်ကြသတဲ့။

ထိုအချိန်မှာ ပျင်းရိနေတဲ့ ခိုတစ်အုပ်က သစ်ပင်တွေပေါ်ကနေ ပျံထွက်လာကြတယ်။

ပျော်ရွှင်နေတဲ့လူအုပ်ကြီးက မြို့လယ်ကောင်ဥယျာဉ်ထဲမှာ ဖျော်ဖြေနေတဲ့ သံစုံတီးဝိုင်းဆီကို နားသောတဆင်ဖို့ရောက်လာခဲ့ကြပါပြီ။ ဒါဟာတော်ဝင်သံစုံတီးဝိုင်းရဲ့ မြို့လယ်ကောင်ပန်းဥယျာဉ်ထဲမှာ ကျင်းပတဲ့ပထမဆုံးသော အခမဲ့ဂီတဖျော်ဖြေပွဲတစ်ခု ဖြစ်ပါသတဲ့။

❑

mgyoe.com

mgyoe.com



## မပျံသန်းနိုင်တဲ့ ငှက်ကုလားအုတ်

ဟိုးလွန်ခဲ့တဲ့ ကာလတွေတုန်းက ငှက်ကုလားအုတ်တွေမှာ "လိုင်ရင်နယ်" အမည်ရှိတဲ့ ဘုရင်တစ်ပါးရှိခဲ့သတဲ့။ လိုင်ရင်နယ်က အာဖရိကတိုက်တစ်ခုလုံးမှာ အကြီးဆုံးနဲ့ ကြည့်လို့အကောင်းဆုံးသော ငှက်ကုလားအုတ်တစ်ကောင်ဖြစ်တယ်လို့ဆိုတယ်။

သူဘယ်နေရာကိုပဲသွားသွား အခြားသောငှက်ကုလားအုတ်တွေက အခုလိုအော်လေ့ရှိကြသတဲ့။ "သူ့ခြေထောက်တွေကို ကြည့်စမ်း၊ အာဖရိကတိုက်တစ်ခုလုံးမှာ အကောင်းဆုံးခြေထောက်တွေ သူ့မှာပဲရှိတယ်. . .၊ တွေ့လား" အများက အဲဒီလိုပြောတာကို "လိုင်ရင်နယ်"က သူ့ခြေထောက်သူပြန်ငုံ့ကြည့်လိုက်တယ်။ အဖုအထစ်တွေရှိနေတဲ့ သူ့ခြေထောက်နဲ့ ဒူးခေါင်းတွေ၊ ကောက်ကွေးချွန်ထက်နေတဲ့ သူ့လက်သည်းတွေကို ကြည့်လိုက်ပြီး အများပြောတဲ့ စကားကိုလက်ခံသဘောတူလိုက်တယ်။

mgyoe.com

mgyoe.com
အဲဒီနောက်ပိုင်းမှာတော့"လိုင်ရင်နယ်"က သူ့ကိုယ်သူ ဘာမဆို လုပ်နိုင်တယ်လို့ အထင်ကြီးပြီး ယုံကြည်သွားပါတော့တယ်။

ကျန်တဲ့ ငှက်ကုလားအုတ်တွေကလည်း "လိုင်ရင်နယ်"က သူတို့လောက်ဘာမှ ထူးထူးခြားခြားသာလွန်တာမရှိဘဲနဲ့ ဝင့်ကြွား နေတာကို သိသွားကြပါတော့တယ်။ ဒါကြောင့် သူ့ကိုတွေ့တဲ့ ငှက်ကုလားအုတ်တိုင်းကလုံးဝကို မကြည်ဖြူကြပါဘူး။

တစ်နေ့မှာတော့ လိုင်ရင်နယ်က ကြီးကျယ်တဲ့ ကြေညာချက် တစ်ခုကို ထုတ်ပြန်လိုက်တယ်။

"ကဲ အားလုံးသော ငှက်ကုလားအုတ် အပေါင်းတို့၊ ကျုပ်က လေထဲမှာ ပျံသန်းနိုင်တယ်"

ဒီအခါ သူ့ကြေညာချက်ကိုလာရောက်နားထောင်တဲ့ အခြား ငှက်ကုလားအုတ်တွေက ဝါးလုံးကွဲရယ်လိုက်ပြီး အခုလိုလှောင် ပြောင်ပြောဆိုလိုက်တာပေါ့။

"ဘယ်ငှက်ကုလားအုတ်ကမှ အရင်က ပျံသွားဖူးတယ်၊ ပျံနိုင်ဖူးတယ်ဆိုတာမရှိပါဘူး။ မင်းပျံနိုင်တယ်ဆိုရင် အခု ငါတို့ ရှေ့မှာ ပျံပြလေ"

ဒီတော့ သူကချက်ချင်းပျံမပြသေးဘဲ အခုလိုပြောလိုက် တယ်။

"ဒီနေ့တော့ မင်းတို့ကို ငါပျံမပြနိုင်သေးဘူး၊ လေတိုက်တာ လမ်းကြောင်းမှားနေတယ်လေ"

ဒီအခါ ကျန်တဲ့ ငှက်ကုလားအုတ်တွေက နားလည်သဘော ပေါက်စွာနဲ့ ခေါင်းညိတ်လိုက်ပြီး၊ "ကျုပ်တို့ ခင်ဗျားပျံတာကို နက်ဖြန်ပြန်လာကြည့်ကြမယ်" လို့ ပြောလိုက်သတဲ့။

"လိုင်ရင်နယ်"က လိမ္မာပါးနပ်စွာနဲ့ ပြန်ဖြေဖို့ အရန်သင့်
mgyoe.com

mgyoe.com



ပြင်ဆင်ထားတာကြောင့် ချက်ချင်းပဲ အခုလိုအဖြေပေးလိုက်တယ်။

"ဒီရက်အတွင်းထဲမှာ လေတိုက်တဲ့လမ်းကြောင်းက မှားနေဦးမှာပဲ"

ဒါပေမဲ့ နောက်တစ်နေ့မှာ ငှက်ကုလားအုတ်ပရိသတ်ကထပ်ပြီး ရောက်လာကြပြန်တယ်။ အားလုံးက အခုလိုတောင်းဆိုကြတာပေါ့။

"ကဲ ကျေးဇူးပြုပြီး ဒီနေ့ပဲ ပုံပြပါတော့ ငှက်ကုလားအုတ်မင်းကြီး" လိုင်ရင်နယ်က ကောင်းကင်ကို မော့ကြည့်လိုက်ပြီး သူ့ရဲ့သေးငယ်တဲ့ ခေါင်းကလေးကို ဖြည်းညင်းစွာခါယမ်းလိုက်တယ်။ ပြီးတော့ထုံးစံအတိုင်းပြောလိုက်ပြန်တာပေါ့ "လေကလမ်းကြောင်းမှားပြီး တိုက်နေတုန်းပဲ" ဒီအခါ အခြားငှက်ကုလားအုတ်တွေထဲက စကားသံတွေထွက်ပေါ်လာပြန်တယ်။

mgyoe.com

mgyoe.com

"အိုး၊ ငှက်ကုလားအုတ်ဘုရင်ကြီး၊ တကယ်လို့ လေတိုက်တာလမ်းကြောင်းမှားနေတယ်ဆိုရင် သင်က ဘာကြောင့် အခြားအရပ်ထောင့်ဘက်ကို လှည့်ပြီး မပျံရတာလဲ"

ဒီအခါ အဲဒီမှာရှိနေတဲ့ ငှက်ကုလားအုတ်တစ်ဝက်လောက်က အဲဒီလိုအံ့သြစရာကောင်းတဲ့ စိတ်ကူးကိုကြားရပြီး ရုတ်တရက် ကြက်သေသေသွားခဲ့ကြတယ်။ အချို့ငှက်ကုလားအုတ်တွေက အားရကျေနပ်စွာနဲ့လက်ခုပ်တီးပြီး အားပေးလိုက်ကြတယ်။


ဒါပေမဲ့ အဲဒီလို စိတ်ကူးကောင်းကို ငှက်ကုလားအုတ်ဘုရင် လိုင်ရင်နယ်က လုံးဝမစဉ်းစားမိပါဘူး၊ ဒါကြောင့် သူက နောက်ထပ်ဆင်ခြေလေးပေးစရာတစ်ခုကို စဉ်းစားလိုက်တယ်။ ပြီးမှ အခုလို အဖြေပေးလိုက်သတဲ့။

"ကောင်းကင်မှာ တိမ်သားတွေ အရမ်းများနေတယ်"

ဒါကို ကျန်တဲ့ ငှက်ကုလားအုတ်တွေက ဝမ်းနည်းစွာနဲ့ ကောင်းကင်ကိုကြည့်လိုက်ပြီး ပြန်ပြောတာပေါ့၊ "အိုး။ မဟုတ်တာ ကောင်းကင်မှာ တိမ်တစ်ခုပဲ ရှိတဲ့ဟာ" "ဟုတ်တယ် ဒီလောက်ဆိုပျံပြလို့ရတာပဲ. . .၊ လုပ်ပါ" ငှက်ကုလားအုတ်ငယ်လေးဆီက "ကောင်းကင်မှာ တိမ်နည်းနည်းလေးပဲရှိတယ်"ဆိုတဲ့ အသံပေါ်လာတယ်။ ဒါကိုလည်း လိုင်ရင်နယ်က အလျှော့မပေးဘဲပြန်ပြောလိုက်တယ်။ "တိမ်တွေက ဒီကနေကြည့်လို့ နည်းနည်းလေးသေးသေးလေးလို့ထင်တာ. . .၊ အနားကပ်သွားရင် အများကြီးပဲ" ငှက်ကုလားအုတ်ဘုရင် လိုင်ရင်နယ်ရဲ့အကြောင်းပြချက်ကို ကျန်တဲ့ ငှက်ကုလားအုတ်တွေက မကျေနပ်ကြဘဲ အကြံပေးပြန်တယ်။

mgyoe.com

mgyoe.com

"ဘုရင်ကြီးက တိမ်တွေအနားထိပျံသွားစရာမလိုဘူးလေ၊ ခပ်နိမ့်နိမ့်လေးပဲပျံပြလို့ ရပါတယ်"

ဒီတစ်ကြိမ်မှာတော့ ငှက်ကုလားအုတ်ဘုရင်ဖြစ်တဲ့ လိုင်ရင်နယ်က သည်းမခံတော့ပါဘူး။ ဒါကြောင့် ခပ်ပြတ်ပြတ်ပဲ ပြောလိုက်တာပေါ့။

"ကဲ. . . အခုပြောမယ် အားလုံးနားထောင်၊ ငါက မင်းတို့ ငှက်ကုလားအုတ်တွေရဲ့ ဘုရင်ပဲ။ ငါ့ကို ဘာလုပ်ပါ. . .၊ ဘယ်လိုလုပ်ပါလို့ အမိန့်လာမပေးကြနဲ့၊ ဒီလို တိမ်သားတွေရှိနေသမျှ ငါမပျံသန်းနိုင်ဘူး၊ ဒါပဲ"

ဒီအခါ ကျန်တဲ့ ငှက်ကုလားအုတ်တွေက ဝိုင်းဝန်းတောင်းပန်လိုက်ကြတာပေါ့။

"အိုး၊ ဘုရင်ကြီး ကျွန်တော်မျိုးတို့ကို ဒေါသမထွက်ပါနဲ့၊ တောင်းပန်ပါတယ်။ ကျုပ်တို့မှာ သင်ပျံပြတာကိုကြည့်ဖို့ ဆန္ဒ

mgyoe.com

mgyoe.com


တစ်ခုတည်းရှိတာပါ။ နောက်ပြီး ငှက်ကုလားအုတ်တွေပျံတယ်ဆို တာကို အရင်ကတစ်ခါမှ မကြုံတွေ့ဖူးသေးဘူးလေ"

ဘာပဲဖြစ်ဖြစ် အဲဒီငှက်ကုလားအုတ်တွေကြည့်ကြဖို့ သူအနေး နဲ့အမြန်ပျံပြရတော့မယ်ဆိုတာကို လိုင်ရင်နယ်ကနားလည်ထား လိုက်တယ်။ တကယ်လို့များ သူက လိမ်ညာတဲ့သူလို့ ကျန်တဲ့ငှက် ကုလားအုတ်တွေကသိသွားခဲ့ရင် နောက်ထပ်ငှက်ကုလားအုတ် ဘုရင်အသစ်ကိုရွေးချယ်တင်မြှောက်နိုင်တယ် မဟုတ်လား၊ ဒါကြောင့် သူတို့ကျေနပ်အောင် ပြသပေးရတော့မှာပေါ့...။ ဒီတော့ နောက်ဆုံးမှာ အခုလိုကြေညာလိုက်ပါတော့မယ်။

"ငါမင်းတို့အတွက် ပျံပြပါ့မယ်. . .၊ လာမယ့်သောကြာနေ့ နံနက်မှာ"

"ဟေး" ဆိုပြီး ငှက်ကုလားအုတ်ပရိသတ်ကြီးကကျေနပ်စွာ နဲ့ အော်လိုက်ကြတယ်။ လိုင်ရင်နယ်က ပျံသန်းတတ်အောင် သင် ယူဖို့အတွက် အချိန် ၃ ရက်သာ အချိန်ရပါသတဲ့။ ဘယ်သူမှ သူ့ကိုမကြည့်မိတဲ့ အချိန်တွေမှာ သူကသဲတွေထဲကို ခုန်ဆင်းလိုက်၊ ပျံတက်လိုက် လေ့ကျင့်ရင်း သူ့ရဲ့သေးငယ်တဲ့ တောင်ပံလေး နှစ်ဖက်ကိုလေထဲမှာ တဖျတ်ဖျတ်ခတ်နေလိုက်တယ်။

သူကဘယ်လောက်ပဲ ကြိုးစားပြီးလေ့ကျင့်နေပေမဲ့ အသုံးမဝင် လှပါဘူး၊ သူ့အမွေးအတောင်တွေက ရေစိုနေတဲ့အတိုင်းကပ်နေ တော့တာပေါ့. . .၊ နောက်တော့ သူက တောင်ကုန်းငယ်တစ်ခု အပေါ်သွားလိုက်ပြီး နည်းနည်းလေးပြေးသွားလိုက်တယ်။ ပြီး တော့ အဲဒီ တောင်ကုန်းပေါ်ကနေ ကောင်းကင်ပေါ်ပျံတက်လိုက် သတဲ့။


mgyoe.com

mgyoe.com


"ငါပျံနိုင်ပြီဟေ့၊ ပျံနိုင်ပြီ" လို့ "လိုင်ရင်နယ်"က ပျော်ရွှင်စွာနဲ့ ထအော်လိုက်တယ်။ တကယ်တော့ သူလုံးဝမပျံနိုင်သေးပါဘူး။


တစ်ကိုယ်လုံး ဒဏ်ရာတွေပြည့်သွားခဲ့တာကြောင့် လိုင်ရင်နယ် သူ့ကိုယ်သူ လုံးဝအားမရတော့ဘဲ အရမ်းကိုဝမ်းနည်းသွားပါတော့တယ်။

ဒီလိုနဲ့ ရုတ်တရက် သူ့ခေါင်းထဲမှာ တောက်ပြောင်လင်းလက်တဲ့ အတွေးအခေါ်တစ်ခုပေါ်လာသတဲ့။ နောက်တော့ သူက ရေကန်ဆီသွားလိုက်ပြီး ကြိုးကြာနီ နှစ်ကောင်နဲ့ စကားသွားပြောလိုက်တယ်။



mgyoe.com

mgyoe.com

"ခင်ဗျားတို့ ကျုပ်ကို ကူညီနိုင်ပါတယ်။ ကျုပ်ရဲ့ ခြေကျင်းဝတ်မှာ ကြိုးတစ်ချောင်းချည်ပြီး ကျုပ်က လေထဲပျံပြမယ် ခင်ဗျားတို့က အဲဒီကြိုးကို နောက်ကနေ ဆွဲပေးထားပါ၊ ဒါဆိုရင် ကျုပ်တကယ်ပျံနေတယ်လို့ အားလုံးထင်သွားကြမှာပေါ့"

လိုင်ရင်နယ်ဆိုတဲ့ ငှက်ကုလားအုတ်ရဲ့ ညှိနှိုင်းအကူအညီတောင်းခြင်းကို ကြိုးကြာနီမောင်နှံက သဘောတူလက်ခံလိုက်တယ်။ ဒီတော့ လိုင်ရင်နယ်ကနောက်တစ်ကြိမ်သူ့ကိုယ်သူ အထင်ကြီးသွားပြီး "ဘယ်ရမလဲ၊ ငါက ငှက်ကုလားအုတ်ဘုရင်ကြီးပဲဟာ ဘာတတ်နိုင်ကြမှာလဲ"လို့ တစ်ကောင်တည်းရေရွတ်နေလိုက်တယ်။

mgyoe.com

mgyoe.com


ချိန်းဆိုထားတဲ့ သောကြာနေ့နံနက်ကိုရောက်တော့ ငှက်ကုလားအုတ်တွေအားလုံးက သူတို့ရဲ့ ဘုရင်ကြီးပျံသန်းပြမှာကို ကြည့်ရှုဖို့ စုဝေးရောက်ရှိလာကြသတဲ့။

လိုင်ရင်နယ်ကရောက်ရှိလာတဲ့ ပရိသတ်ကို အမှာစကားပြောဖို့ ရေကန်ဘေးက ကျူပင်တွေနားမှာ နေရာယူလိုက်တယ်။


သူစကားပြောနေတုန်း ကြိုးကြာနီမောင်နှံက ကျူပင်တွေကြားထဲကနေ ပုန်းလျှိုးပြီး ရောက်လာရင်း ငှက်ကုလားအုတ်ဘုရင် လိုင်ရင်နယ်ရဲ့ခြေချင်းဝတ်နှစ်ဖက်ကို ကြိုးတစ်ချောင်းစီနဲ့ ချည်ပေးလိုက်ကြတယ်။ ဒါက သူတို့ အပြန်အလှန် စီစဉ်ခဲ့တဲ့ အတိုင်းပါပဲ။

“ယနေ့ကြွရောက်လာကြတဲ့ ငှက်ကုလားအုတ်ပရိသတ် အပေါင်းတို့၊ ခဏနေရင် အံ့မခန်းအံ့သြစရာကောင်းတဲ့ မြင်ကွင်းကို ခင်ဗျားတို့ တွေ့မြင်ရတော့မှာပါ။ ဘယ်ငှက်ကုလားအုတ်တွေမှ မပျံသန်းနိုင်သေးဖူးတဲ့ ပျံသန်းမှုကို ကျုပ်က ပြပေးမှာပါ၊ ကျုပ်က သူရသတ္တိနဲ့ပြည့်စုံပြီးသားပဲဟာ”

လိုင်ရင်နယ်က စကားမဆုံးသေးခင်မှာဘဲ. . .ကြိုးကြာနှစ်ကောင်က သူ့ခြေချင်းဝတ်တွေမှာ ချည်ထားတဲ့ကြိုးတွေကို ဆွဲလိုက်ကြသတဲ့၊ ဒီအခါ လိုင်ရင်နယ်နဲ့ မေးစေ့က မြေပြင်နဲ့ သွားရိုက်ပြီး ကြိုးကြာမောင်နှံဆွဲတဲ့အတိုင်း ကျူပင်တွေကြားထဲကို တရွှေ့ရွှေ့နဲ့နောက်ပြန်ပါသွားပါသတဲ့၊ နောက်ဆုံးတော့ သူက ခြေထောက်မှာ ကြိုးတန်းလန်းနဲ့လေထဲမှာ ပျံနေလိုက်တော့တယ်။ နောက်တော့ ကြိုးကြာမောင်နှံက လိုင်ရင်နယ်ကို ကြိုးနဲ့ဆွဲထားရာကနေ လေးလံလွန်းတယ်ဆိုပြီး ရေထဲကျအောင် လွှတ်ချလိုက်

mgyoe.com

mgyoe.com

ကြသတဲ့။ ဒီလိုနဲ့ အစွမ်းအစပြချင်လွန်းတဲ့ ငှက်ကုလားအုတ်ဘုရင်လည်း ရေကန်ထဲကို ခေါက်ထိုးကျသွားပြီး ရေတွေမွှန်း၊ ချောင်းတွေဆိုးဆိုးနဲ့ပဲ ရေကန်စပ်ဆီ ကူးခတ်သွားခဲ့ရတယ်။

ရေထဲကနေပြန်တက်လာတဲ့ လိုင်ရင်နယ်ရဲ့ ပုံသဏ္ဍာန်က

mgyoe.com

mgyoe.com


ရက်သတ္တတစ်ပတ်ကြာလောက် အဝတ်လျှော်စက်ထဲမှာ နေခဲ့ရသလိုမျိုး အရမ်းကို ရုပ်ဆိုးအကျည်းတန်နေသတဲ့။

သူ့ဖြစ်ရပ်ကို အစအဆုံးကြည့်ပြီး ဟားတိုက်ခဲ့တဲ့ ငှက်ကုလားအုတ်တွေက အရယ်ရပ်ပြီး သူ့ကို ဘုရင်အဖြစ် လက်မခံဘဲဖြုတ်ချဖို့ ဆုံးဖြတ်လိုက်ကြတယ်။

“ လိုင်ရင်နယ်က ဘာအရည်အချင်းမှလည်း မရှိဘူး၊ ဘာမှလည်း အသုံးမကျဘူး။ တကယ်တော့ သူလည်း ငါတို့လိုပဲ ဆင်ခြင်တုံတရားမရှိတဲ့သူပါပဲ၊ သူလိုမျိုးသာ ဘုရင်ဖြစ်တယ်ဆိုရင် ငါတို့ ငှက်ကုလားအုတ်တွေ အကုန်လုံးက ဘုရင်တွေချည်းပဲပေါ့ မဟုတ်ဘူးလား”


နောက်ဆုံးမှာ ငှက်ကုလားအုတ်တွေအားလုံးဘုရင်လုံးဝမထားတော့ဘဲ ရိုးရိုးသာမန်ငှက်ကုလားအုတ်တွေအဖြစ်ပဲ ရှင်သန်နေထိုင်ခဲ့ကြတယ်။ တကယ်လို့လေထဲမှာ ပျံသန်းနိုင်တယ်ဆိုရင်တော့ သူတို့ရဲ့ဘုရင်အဖြစ်ရွေးချယ်တင်မြှောက်ကြမှာပေါ့။

အဲဒီအချိန်ကစပြီး ငှက်ကုလားအုတ်တွေဟာ သူတို့မှာ မူလကရှိခဲ့တဲ့ အရည်အသွေးတွေထက် တဖြည်းဖြည်းနိမ့်ကျလာပြီး လူအများအတွက် ရယ်စရာ အသွင်သဏ္ဌာန်ဆောင်လာပါတော့တယ်။

□

mgyoe.com

mgyoe.com

## အနီရောင် ခေါင်းစွပ်ကလေး

ရှေးရှေးတုန်းက အရမ်းကို ချစ်စရာကောင်းတဲ့ ကျေးတောသူလေး တစ်ယောက်ရှိခဲ့သတဲ့။ သူမရဲ့ မိခင်က သူမကို အရမ်းချစ်တယ်လေ. . .၊ နောက်ပြီး သူမရဲ့ အဘွားက သူမရဲ့ အမေချစ်တာထက်တောင် ပိုချစ်သေးသတဲ့လေ။ အဘွားလုပ်သူက သူမအတွက် အနီရောင်ခေါင်းစွပ်ကလေးတစ်ထည်ထိုးထားပေးတယ်။

သူမက အဲဒီအနီရောင်ခေါင်းစွပ်ကလေးစွပ်နေကျဆိုတော့ သူ့ကို အားလုံးက အနီရောင်ခေါင်းစွပ်လေးလို့ပဲ ခေါ်ကြတာပေါ့။

တစ်နေ့မှာ သူမရဲ့မိခင်က သူမအတွက် အဆာသွတ်မုန့်တွေ လုပ်ပေးတယ်. . .။ "ကဲ သမီးလေး၊ သမီးရဲ့ဘွားဘွားက အရမ်းကို နေမကောင်းဖြစ်နေတယ်ကွဲ့၊ ဒီတော့ ဒီအဆာသွတ်မုန့်နဲ့ ထောပတ်ဘူးကို ယူသွားလိုက်" အနီရောင်ခေါင်းစွပ်လေးက အမေပေးတဲ့ မုန့်တွေကိုယူပြီး သူ့အဘွားဆီကို အပြေးသွားလိုက်တယ်။

mgyoe.com

အဘွားလုပ်သူက အခြားရွာတစ်ရွာမှာနေတာပါ။ သူမက တောအုပ်ကို ဖြတ်သွားတဲ့အချိန်မှာ လမ်းမှာ အမှတ်မထင်ဘဲ ဝံပုလွေ တစ်ကောင်နဲ့တွေ့လိုက်ရသတဲ့။ ဝံပုလွေက သူမကို မြင်တာနဲ့ ဖမ်းပြီး စားဖို့ပြင်ဆင်လိုက်တယ်။

ဝံပုလွေကချက်ချင်း စားချင်လှပေမဲ့ တောထဲကအနီးတစ်ဝိုက်မှာ သစ်ခုတ်သမားတွေ ရှိနေတာကြောင့် မစားတော့ဘဲ အနီရောင်ခေါင်းစွပ်လေးကို "ဘယ်သွားမှာလဲ" လို့ မေးလိုက်တယ်။

အနီရောင်ခေါင်းစွပ်လေးက ဝံပုလွေတစ်ကောင်နဲ့ စကားပြောတာကို အန္တရာယ်များမှန်း မသိရှာပါဘူး။ ဒါကြောင့် ဝံပုလွေ မေးတာကို ပြန်ဖြေလိုက်တာပေါ့။

"ကျွန်မရဲ့အဘွားကိုသွားတွေ့ပြီး အခုယူလာတဲ့ မုန့်တွေပေးမလို့လေ"



mgyoe.com

mgyoe.com

"သူက အဝေးကြီးမှာနေတာလား" လို့ ဝံပုလွေက မေးတော့ အနီရောင်ခေါင်းစွပ်ကလေးက "အိုး ရက်စ်၊ ဟိုးက သီးနှံကြိတ်စက်ကိုတွေ့လား။ အဲဒီနားမှာရွာရှိတယ်။ ပထမဆုံးတွေ့ရတဲ့ အိမ်က အဘွားရဲ့အိမ်ပေါ့"

"အေး ငါလည်း သူ့ကိုသွားတွေ့မလို့ပဲ။ ဒီတော့ ငါက ဒီလမ်းကိုသွားမယ်။ မင်းက ဟိုလမ်းကိုသွား။ ဒီတော့ ငါတို့ ဘယ်သူအရင်ရောက်မလဲ တွေ့ရတာပေါ့" ဝံပုလွေက အမြန်ဆုံးနည်းနဲ့ပြေးတော့တာပေါ့။



mgyoe.com

mgyoe.com

ဝံပုလွေက အနီးဆုံးလမ်းကို ရွေးလိုက်တာပါ။

ခေါင်းစွပ်နီကလေးကတော့ ရှည်လျားတဲ့လမ်းကိုရွေးလိုက်ပါတယ်။ သူမက အခွံမာသီးတွေကို လိုက်စုလိုက်တယ်။ ပြီးတော့ လိပ်ပြာလေးတွေနောက်ကို ပြေးလိုက်သွားတယ်။ ပန်းကလေးတွေကို လိုက်ကောက်တယ်။

ဝံပုလွေက မကြာခင် သူ့အဘွားအိမ်ကို ရောက်ရှိသွားပြီး တံခါးကို ခေါက်လိုက်တယ်။

"ဘယ်သူလဲဟေ့" လို့ အဘွားအိုရဲ့အသံကိုကြားလိုက်ရတယ်။

ဒါကိုဝံပုလွေက ခေါင်းစွပ်နီကလေးရဲ့အသံကိုတုပြီး အခုလို ပြန်ပြောလိုက်တယ်။

"အဘွားရဲ့မြေးလေးပါ။ မြေးက အဆာသွတ်မုန့်နဲ့ ထောပတ်ဘူး အမေ့ဆီက ယူလာခဲ့ပါတယ်"

အဘွားက နေမကောင်းဖြစ်ပြီး အိပ်ရာထဲမှာ လဲနေတယ်လေ။ ဒါကြောင့် အဘွားက အခုလိုလှမ်းပြောလိုက်သတဲ့။

"မျောက်လက်ကို ဆွဲလိုက်ကွယ်၊ တံခါးပွင့်လိမ့်မယ်"

အဘွားပြောတဲ့အတိုင်း ဝံပုလွေက တံခါးကို ဆွဲဖွင့်နိုင်ခဲ့တယ်။ ချက်ချင်းဆိုသလို ဝံပုလွေက အဘွားအိုအပေါ် ခုန်အုပ်ပြီးအချိန်တိုအတွင်း အငမ်းမရ မျိုချစားသောက်လိုက်ပါသတဲ့။

အဘွားကို စားသောက်ပစ်လိုက်ပြီး ဝံပုလွေက အခန်းတံခါးပိတ်လို့ ဆက်ပြီးလှဲနေလိုက်တယ်။ သူက အနီရောင်ခေါင်းစွပ်လေးအလာကို အဘွားလို ဟန်ဆောင်ပြီး ဆက်စောင့်နေတာပေါ့။

မကြာခင်မှာပဲ အနီရောင်ခေါင်းစွပ်ကလေးက အဘွားရဲ့အိမ်ကို ရောက်လာပြီး တံခါးခေါက်လိုက်တယ်။

mgyoe.com



"ဘယ်သူလဲကွဲ့" လို့ အဘွားဟန်ဆောင်ထားတဲ့ ဝံပုလွေက မေးလိုက်တယ်။ ဝံပုလွေရဲ့ ကြောက်စရာကောင်းတဲ့အသံကြီးကို ကြားလိုက်ရလို့ ခေါင်းစွပ်နီကလေးက ပထမတော့ အရမ်းကြောက်သွားသတဲ့။ ဒါပေမဲ့ အဘွားဖြစ်သူက အအေးမိပြီး လည်ချောင်းသံနဲ့ပြောနေတာပဲဖြစ်မှာလို့ သူမက ယုံကြည်လိုက်တယ်။

ဒါကြောင့်လည်း အဘွားဟန်ဆောင်ထားတဲ့ ဝံပုလွေရဲ့အမေးကို ပြန်ဖြေလိုက်တာပေါ့။ "သမီးက အဘွားရဲ့မြေးမလေးလေ၊ အနီရောင်ခေါင်းစွပ်လေးပါ ဘွားဘွား"

ဒီတော့ ဝံပုလွေက သူ့ရဲ့အသံကို အတတ်နိုင်ဆုံးပျော့ပျောင်းချိုသာအောင်တုပလိုက်ပြီး အခုလိုပြောလိုက်တယ်။

"မျောက်လက်ကို ဆွဲလိုက်လေ မြေးရဲ့။ ဒါဆို တံခါးပွင့်သွားလိမ့်မယ်"

mgyoe.com

mgyoe.com


အနီရောင်ခေါင်းစွပ်လေးအခန်းထဲကို ဝင်လာတာတွေ့တော့ ဝံပုလွေက အိပ်ရာခင်းအောက်မှာ ဝင်နေလိုက်ပြီး ခုလိုပြောပြန်တယ်။

"အဆာသွတ်မုန့်နဲ့ ထောပတ်ဘူးကို ခွေးခြေပေါ်တင်ထားလိုက် မြေးလေး၊ ပြီးရင် ငါနဲ့အတူ ဒီမှာလာလှဲနေ မြေးလေး"

ဝံပုလွေပြောတဲ့အတိုင်း အနီရောင်ခေါင်းစွပ်လေးက အိပ်ရာဆီကိုသွားလိုက်တယ်။ ဒါပေမဲ့ သူမရဲ့အဘွားက ထူးဆန်းတဲ့ပုံပေါက်နေတော့ သတိထားမိသွားတာပေါ့။ ဒါကြောင့် သူမရဲ့အဘွားကို ပြောတော့ အဘွားကလည်းပြန်ပြောတာပေါ့။

"ဘွားဘွား ဘွားဘွားရဲ့လက်မောင်းကြီးတွေက ကြီးလိုက်တာနော်"

"အေး အဲဒါမှ မင်းကို အရမ်းဖက်လို့ကောင်းမှာပေါ့"

"ဘွားဘွားရဲ့နားရွက်ကလည်း ကြီးလိုက်တာနော်"

"အေး ဒါမှ မင်းအသံကိုကောင်းကောင်း နားထောင်လို့ရမှာပေါ့"



mgyoe.com

mgyoe.com


“ဘွားဘွားရဲ့မျက်လုံးတွေက ကြီးလိုက်တာနော်”

“ဟုတ်တယ် ဒါမှပဲ မင်းကို ကောင်းကောင်းမြင်နိုင်တော့မှာပေါ့”

“ဘွားဘွားရဲ့သွားတွေက ကြီးလိုက်တာနော်”

“အေး အဲဒါမှ မင်းကိုကောင်းကောင်းကြီး ဝါးစားပစ်လို့ကောင်းမှာပေါ့”

အဲဒီလိုတစ်ခုချင်းဖြေပြီးတာနဲ့ ကောက်ကျစ်ယုတ်မာတဲ့ ဝံပုလွေလည်း အနီရောင်ခေါင်းစွပ်လေးအပေါ် ခုန်အုပ်ကိုက်သတ်ပြီးအငမ်းမရ စားပစ်လိုက်ပါတော့တယ်။

အခုတော့ ဆာလောင်မွတ်သိပ်နေတဲ့ ဝံပုလွေလည်း စိတ်ကျေနပ်သွားခဲ့တယ်။ ဒီတော့ သူက အိပ်စက်လိုက်ပြီပေါ့။

အိပ်မောကျသွားတဲ့ ဝံပုလွေက ကျယ်လောင်စွာနဲ့ ဟောက်လိုက်တယ်။ အဲဒီအချိန်မှာ အိမ်အနီးကိုဖြတ်သွားတဲ့ မုဆိုးတစ်ယောက်က အထဲမှာ အဘွားအိုတစ်ခုခု ဖြစ်နေမလားဆိုပြီး စိတ်ပူတာနဲ့ ဝင်ကြည့်ဖို့ဆုံးဖြတ်လိုက်သတဲ့။

မုဆိုးက အိပ်ရာနားကိုကပ်သွားချိန်မှာ ဝံပုလွေတစ်ကောင်အိပ်နေမှန်းသိသွားခဲ့တယ်။

“ဩော် . . .ငါကမင်းကို တစ်ချိန်လုံးစောင့်ကြည့်နေခဲ့တာ” လို့ပြောပြီး မုဆိုးက အသေအချာစစ်ဆေးလိုက်တယ်။

မုဆိုးက အဘွားကို ဝံပုလွေမျိုချထားတာ တွေ့သွားပြီး အဘွားကို ကယ်တင်ဖို့ ဆုံးဖြတ်လိုက်တယ်။

ဒါကြောင့် မုဆိုးက ကတ်ကြေးအကြီးကြီးတစ်ချောင်းကိုယူပြီး ဝံပုလွေရဲ့ဗိုက်ကို ခွဲချလိုက်တယ်။ ခဏကြာလောက် ညှပ်နဲ့

mgyoe.com



ဆွဲထုတ်လိုက်တော့ အဘွားရဲ့မြေးမလေးဖြစ်တဲ့ အနီရောင်ခေါင်း စွပ်ကလေးကို အရင်ဆွဲထုတ်တယ်။ နောက် ခဏအကြာမှာတော့ အဘွားကို ထပ်မံဆွဲထုတ်ခဲ့လိုက်တယ်။ ဒီတော့ မုဆိုးကြီးရယ်၊ အဘွားရယ်၊ အနီရောင်ခေါင်းစွပ်ကလေးရယ် ၃ ဦးသား စိတ် ကျေနပ်ပျော်ရွှင်သွားကြတာပေါ့။ မုဆိုးကြီးကဝံပုလွေရဲ့အရေခွံကို ဆုတ်ပြီး အိမ်ကို ယူသွားလိုက်တယ်။ အဘွားလုပ်သူက အဆာ သွတ်မုန့်တွေကို စားလိုက်သတဲ့။ အဲဒီအချိန်ကစပြီး အနီရောင် ခေါင်းစွပ်ကလေးလည်း တောထဲကို ပန်းကောက်သွားပြီး ဝံပုလွေ တစ်ကောင်ရဲ့စကားပြောတာကို နားထောင်တာ လုံးဝမလုပ်တော့ ပါဘူးတဲ့။

❑

mgyoe.com

mgyoe.com




## ဆရာဝန်ရဲ့သမီး မစ္စဒို့စ်

ဒေါ်ရာဒို့စ်ဟာ ဆရာဝန်ရဲ့သမီးတစ်ယောက်ဖြစ်ပါတယ်။

အမှန်တကယ်တော့ သူမဟာ ဆရာဝန်နှစ်ယောက်ရဲ့သမီး တစ်ယောက်ပါ။

ဒေါ်ရာဒို့စ်ရဲ့အဖေရော အမေပါ ဆရာဝန်တွေဖြစ်တာ ကြောင့် သူမက ဆရာဝန်တစ်ယောက်အဖြစ် ဟန်ဆောင်ရတာကို နှစ်သက်လေ့ရှိပါသတဲ့။ တစ်မနက်မှာ သူ့ဖခင်က မနက်စာစားဖို့ ရောက်လာချိန် အခုလိုပြောလိုက်တယ်။

“အိမ်ထဲမှာ ဆရာဝန်တစ်ယောက်များ ရှိနေသလားခင်ဗျာ”

ဒါကိုကြားတော့ ဒေါ်ရာက “ဟုတ်ကဲ့ ရှိပါတယ်။ ကျွန်မ ပါရှင်” လို့ ပြန်အော်ပြောလိုက်တယ်။

ပြီးတော့ ဒေါ်ရာကအဖျားတိုင်းတဲ့ ပြဒါးတိုင်ကိုယူလာပြီး သူ့ဖခင်ရဲ့ဒူးခေါင်းကို တို့ထိလိုက်တယ်။ ပြီးတော့ ဆရာဝန်တစ် ယောက်ရဲ့ပုံစံနဲ့ လက်ထဲမှာကိုင်ထားတဲ့ ကစားစရာတူလေးကို ဖခင်ရဲ့ဒူးခေါင်းပေါ် အသာထုလိုက်တယ်။

mgyoe.com

mgyoe.com




ဒေါ်ရာဒို့စ်ဆီမှာ ဆရာဝန်တစ်ယောက်လို ဟန်ဆောင်လို့ရမဲ့ အိတ်ကလေးတစ်အိတ်ရှိတယ်။ ပြီးတော့ ဆရာဝန်ရဲ့နားနေခန်း၊ လူနာတွေထိုင်စောင့်ရတဲ့ အခန်းနဲ့ ဒေါက်တာဒိုရာရဲ့ကုသမှုကို ခံယူရမယ့် ဟန်ဆောင်လူနာက ၆ ယောက်လောက်ရှိသတဲ့လေ။

ဒေါ်ရာရဲ့လူနာတွေကတော့ သူမရဲ့မောင်လေး၊ သူမရဲ့နို့စို့အရွယ်မောင်လေး၊ သူမရဲ့ဝက်ဝံကစားစရာရုပ် ပြီးတော့ မင်းသမီး ရုပ် ၂ ရုပ်တို့ပဲဖြစ်ပါတယ်။ တစ်ခါတလေ ဟန်ဆောင်လူနာထဲမှာ ကြောင်တစ်ကောင်လည်း ပါတတ်သေးသတဲ့လေ။

ဒေါ်ရာက သူ့လူနာတွေကို အမြဲတမ်း အဖျားတိုင်းတယ်။ ဆရာဝန်ကိုင်တဲ့ ကစားစရာတူကလေးနဲ့ သူတို့ရဲ့ဒူးခေါင်းတွေကို ခေါက်တတ်တယ်။ ပြီးရင် လူနာတွေကို "အမ်း အမ်း" နဲ့ပြောလေ့ရှိသတဲ့။

ဒေါ်ရာက ဆရာဝန်တစ်ယောက်အဖြစ် ဟန်ဆောင်ရတာကို သဘောကျပေမဲ့ သူမရဲ့စိတ်ကမပျော်ရွှင်ဘူးဖြစ်နေတယ်။ ဘာကြောင့်လဲဆိုတော့ သူမရဲ့အဖျားတိုင်းသာမိုမီတာက အမှန်

mgyoe.com

mgyoe.com


တကယ်အလုပ်မလုပ်ဘူးလေ။ ပြီးတော့ သူမကိုင်လေ့ရှိတဲ့ ဆရာဝန်ကိုင်တူကလည်း ကလေးကစားစရာဖြစ်နေတယ်လေ။ အဆိုးဆုံးကတော့ သူမရဲ့လူနာတွေအားလုံးက သူပြောတဲ့အတိုင်း တစ်ခုမှလိုက်မလုပ်ကြဘူးလေ။

"ကဲ . . .နောက်တစ်ယောက် ကျေးဇူးပြုပြီး ဝင်လာခဲ့ပါ" ဒေါ်ရာက အဲဒီလိုပြောလိုက်တော့ သူမရဲ့မောင်လေးက အခုလို ပြန်ပြောတယ်။

"အခု ဆရာဝန်လုပ်ဖို့ သွားအလှည့်ရောက်ပြီလေ"

မောင်ဖြစ်သူပြောတာကို ဒေါ်ရာက ဂရုမစိုက်ဘဲ ဆက်ပြောတယ်။




mgyoe.com

"ကဲ . . .ကျေးဇူးပြုပြီး နောက်တစ်ယောက်"

ဒီတစ်ကြိမ်မှာဒေါ်ရာရဲ့ လေးဖက်သွား အရွယ်မောင်လေးက ရှေ့ကိုတိုးလာသတဲ့။

"ကဲ . . . နောက်တစ်ယောက်" ဒေါ်ရာက ဆက်ခေါ်လိုက်ပြန်တယ်။ ဒီတစ်ကြိမ်ကျတော့ ကြောင်က ပြေးထွက်သွားတယ်။



"ကဲ . . .လာခဲ့ပါ နောက်တစ်ယောက်" ဒေါ်ရာရဲ့စကားအဆုံးမှာ ကစားစရာ ဝက်ဝံရုပ်နဲ့ မင်းသမီးရုပ် နှစ်ရုပ်က သူတို့ထိုင်နေတဲ့ နေရာကနေလုံးဝကိုမရွေ့တော့ပါဘူး။

ဒီအခါ ဒေါ်ရာက အခုလိုတစ်ယောက်တည်း ရေရွတ်လိုက်တယ်။

"အင်း၊ ငါတကယ့်ဆရာဝန်တစ်ယောက်ဖြစ်ချင်လိုက်တာနော်"

mgyoe.com